ပုဗ္ဗေစ ကတပုညတာ စေတံ မင်္ဂလ မုတ္တမံ၊ ရှေးကောင်းမှုကံရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ ၂၀၀၃ ခုနှစ်၊ သြဂုတ် ၁၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၀)၊ အမှတ်(၁၁၆)

နိုင်ငံအကျိုးအတွက်ဆိုပါက အချင်းချင်း ရိုင်းပင်းထောက်ခံညီညွတ်ကြ

ယခုနိုင်ငံတော်အာဏာကို ရယူနိုင်ရန်အလို့ငှာ နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးကို ပျက်ပြား ဆုတ်ယုတ်သွားအောင် ကြံစည်လုပ်ဆောင်နေကြသူများအနေဖြင့် ဒီမိုကရေစီဘိုးအေနိုင်ငံဟု ခေါ်ဆို သမုတ်ပြီး အားကိုးအားထားပြုနေကြသည့် အနောက်နိုင်ငံကြီးများသည်ပင် ကွဲပြားသောပါတီကြီးများ ရှိနေသော်လည်း အဆိုပါ ပါတီကြီးများသည် ၎င်းတို့နိုင်ငံအကျိုးအတွက်ဆိုပါက ပြိုင်ဘက်အချင်း ချင်းပင် ရိုင်းပင်းထောက်ခံကြပြီး တညီတညွတ်တည်း ဆောင်ရွက်ကြလေ့ရှိသည်ကို မြင်တတ်ဖို့၊ အတု ယူတတ်ဖို့ လိုပါသည်။ *(စာ-၁၀၊ ထွန်းဟန်ဆွေ ဆောင်းပါးမှ)*

နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းအကောင်အထည်ဖော်လျက်ရှိ အစိုးရအနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နေ လုပ်ငန်းရှင်များ အကျိုးဖြစ်ထွန်းနိုင်မည့်စက်ရုံများ လွှဲပြောင်းပေးရေးစီစဉ်ဆောင်ရွက်

ရန်ကုန် သြဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင် (၂/၂၀၀၃)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်ခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေး မှာကြားသည်။ (ယာပုံ)

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ဒုတိယမြို့တော်ဝန်၊ ပုဂ္ဂလိက ပိုင် ပြုလုပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

ယနေ့ထုတ်စောင်ရေ ၂၀၇၅၇၀

တောင်ဒဂုံစက်မှုနယ်မြေ စီမံကိန်းသစ်စက်ရုံများ ထုတ်လုပ်မှုစွမ်းအားနှင့်ပစ္စည်းအရည်အသွေးမြင့်မား

သတင်းဆောင်းပါး - ဆွေသန့်ကို၊ ဓာတ်ပုံ - ထွေးကြည်

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့်လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လျှပ်စစ်နှင့် အီလက်ထရောနစ်ပစ္စည်း ထုတ်လုပ်မှု စက်ရုံ (ဒဂုံ)တောင်ဒဂုံစက်မှုနယ်မြေစီမံကိန်းသစ် စက်ရုံများကို တလော လေးက သွားရောက်လေ့လာခဲ့သည်။

သွားရောက်လေ့လာခဲ့သည့် စက်ရုံများမှာ ရေနံဓာတ်ငွေ့ရည်အိုးခွံ အလုပ်ရုံ၊ အက်စက်တလင်း ဓာတ်ငွေ့အလုပ်ရုံ၊ အောက်ဆီဂျင်ဓာတ်ငွေ့ အလုပ်ရုံ၊ ဘို့နှင့်နပ်အလုပ်ရုံ၊ ဘက်ထရီအိုးခွံအလုပ်ရုံ၊ ဓာတ်ခဲအလုပ်ရုံနှင့် ဝါယာနန်းဆွဲအလုပ်ရုံတို့ဖြစ်၏။

စာမျက်နှာ ၁၁ ကော်လံ ၄ ❒



အက်စက်တလင်းဓာတ်ငွေ့ ထုတ်လုပ်သည်မှာ ဤနှယ်။

ဓာတ်ငွေ့ရည်ဖြည့်ရန် အသင့်ဖြစ်နေသော အိုးသစ်များမှာ အိမ်ရှင်မတို့ မက်မောစရာ။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ် လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီး များ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

ဆန်စပါးဖူလုံပို လျှံရေး ရေတော်မိုးတော်ထွန်တုံးပိတ် အဓိကသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားနပ်ရိက္ခာပြည့်စုံဖူလုံစေရေးနှင့် ဆက်စပ်လျက်ရှိသည်။ ထို့အပြင်ပြည်သူအများစုကြီးဖြစ်သည့် ကျေးလက်နေ တောင်သူလယ်သမားများ၏ စားဝတ်နေရေး၊ လူနေမှုအဆင့်မြင့်မားရေးတို့ကိုပါ တစ်ပါတည်း ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍတိုးတက်ဖြစ်ထွန်းရေးကို အမျိုးသားရေးဦးတည်ချက်တစ်ရပ်အဖြစ် သတ်မှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းနေခြင်းဖြစ်သည်။ နိုင်ငံတော်တစ်ဝန်း စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်စေရန် ရေရရှိရေးကို နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ စိုက်ပျိုးရေး အထောက်အကူပြုစက်ကိရိယာများ၊ ဓာတ်မြေဩဇာစသည့် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်တွင် စားနပ်ရိက္ခာဖူလုံပိုလျှံရေးနှင့် စီးပွားရေးတိုးတက်စေရေးအတွက် ဆန်စပါးကို အလေးထားစိုက်ပျိုးလျက်ရှိသည်။ နှစ်စဉ်မိုးစပါးဧက ၁၃ သန်းကျော်၊ နွေစပါးဧကသုံးသန်းကျော် စိုက်ပျိုးလျက်ရှိရာ မိုးစပါး၊ နွေ စပါးနှစ်ရပ်ပေါင်းဧက ၁၆ သန်းကျော် စိုက်ပျိုးနေပေသည်။

ရေ၊ မြေသဘာဝကောင်းမွန်ပြီး နုန်းတင်မြေနုမြေဆီလွှာများ ပိုင်ဆိုင်ထားသည့် ဒေသများတွင် ဆန်စပါးစိုက်ဧကများ တိုးချဲ့ဆောင်ရွက်သင့်သကဲ့သို့ တစ်ဧကအထွက်နှုန်းတိုးတက်ရရှိရေးအတွက် အားသွန်ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်သည်။

ဧရာဝတီတိုင်းကဲ့သို့ စိုက်ပျိုးမြေကျယ်ပြန့်စွာရှိပြီး မြေဆီလွှာကောင်းမွန်သည့်ဒေသများတွင် မိုးစပါးများကို စိုက်ပျိုးလျက်ရှိရာ ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲအခမ်းအနားကို ဩဂုတ်လ၄ရက်နေ့က ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်မိုးစပါးရာသီတွင် စုစုပေါင်းဧက ၃၃ ဒသမ ၇၆ သိန်းစိုက်ပျိုးထုတ်လုပ်ရန် လျာထားသတ်မှတ်ထားရာ ယခုအချိန်အထိ ရေတော်မိုးတော်စိုက်ဧက ၃၁သိန်းကျော်စိုက်ပျိုးပြီးဖြစ်သည်။ ၉၂ရာခိုင်နှုန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ရာ မိုးစပါးစိုက်ပျိုးရာသီကုန်တွင် လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အလားတူ မော်လမြိုင်ခရိုင်လုံးကျွတ် ရေတော်မိုးတော်မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ဩဂုတ်လ ၈ ရက်နေ့က ကျင်းပနိုင်ခဲ့သည်။ မိုးစပါးလျာထားချက်စိုက်ဧက ၂၃၂၇၈၀ရာခိုင်နှုန်းပြည့်စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

မိုးစပါး စိုက်ပျိုးရေးကိုယခုကဲ့သို့ အချိန်စောစီးစွာပြီးစီးစေရန် ရေတော် မိုးတော်ရေယာများကို စိုက်ပျိုးလုပ်ကိုင်ရခြင်းမှာ လာမည့်ဆောင်းရာသီတွင် ပဲမျိုးစုံသီးနှံများ၊ဆီထွက်သီးနှံများ၊ စားဖိုဆောင်သီးနှံများ၊ နှံစားသီးနှံများကို အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပေသည်။

ဧရာဝတီတိုင်းသည် မြေဆီဩဇာကောင်းမွန်သောဒေသဖြစ်၍ စပါး၊ ချည်မျှင်ရှည်ဝါ၊ ကြံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းစသည့် နိုင်ငံတော်၏ အဓိကသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ပဲမျိုးစုံဧက ၁၃ သိန်းကျော်၊ ဆီထွက်သီးနှံဧကသုံးသိန်းကျော်၊ အစေ့ထုတ်ပြောင်းဧက ငါးသောင်းခန့် စိုက်ပျိုးနိုင်ခဲ့ပြီး ဝါဧက ၂၀၀ ကျော်၊ကြံ ဧက ၂၀၀၀ ခန့် စိုက်ပျိုးလျက်ရှိသည်။

အခြားသော ပြည်နယ်၊ တိုင်းများရှိ တောင်သူလယ်သမားများကလည်း မိုးစပါးများစိုက်ပျိုးလျက်ရှိရာ တစ်ဧက အထွက်နှုန်းကောင်းမွန်ရေးအတွက် အထူးကြိုးစား စိုက်ပျိုးကြရမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ အချိုးကျမှန်ကန်စွာသုံးစွဲရေးနှင့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် ရေတော်မိုးတော်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေးနည်းလမ်းများကို စနစ်တကျကျင့်သုံးစိုက်ပျိုးကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ဆန်စပါးဖူလုံပိုလျှံစွာထွက်ရှိနိုင်ရေးအတွက် မိုးစပါးများကို ရေတော်မိုးတော် ထွန်တုံးပိတ်နိုင်ရေး ကြိုးပမ်းကြရန်နှင့် အဓိကသီးနှံများကိုလည်း ယခုထက်ပိုမိုတိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မေတ္တာဦးစေတီတော်ပန္နက်တော်တင် မင်္ဂလာအခမ်းအနား ဝန်ကြီးဦးအောင်ခင် တက်ရောက်ကြည်ညိုပြီး ဗဟိုပန္နက်တော်တင်ပေး

ရန်ကုန် ဩဂုတ် ၁၃

သာသနာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက်ရှိ ဒီဃာယု ရက္ခိတကုန်းတော်၌တည်ထား ကိုးကွယ်တော်မူမည့် မေတ္တာဦးစေတီတော် ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို မေတ္တာအခါတော်နေ့အဖြစ် ယမန်နေ့ နံနက် ၇နာရီခွဲတွင် အဆိုပါ ရပ်ကွက်ရှိ မင်္ဂလာကန်ဦးမဏ္ဍာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဒုတိယဥက္ကဋ္ဌ ထားဝယ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံ ယူဆောက်တည်ကြသည်။

ယင်းနောက် ဝန်ကြီးဦးအောင်ခင်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်မူလဆယ်တောင်ပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဒ္ဒိဗလ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပန္နက်တော်တင်မည့် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က ပထဝီဇယမန္တန်ဂါထာတော်ကို ရွတ်ဆိုသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဆရာတော် ဘဒ္ဒန္တကုဒ္ဒိဗလကပန္နက်တော်ကိုတင်ပေးပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ယာရစ်အစဉ်အတိုင်းသတ်မှတ်နေရာများ၌ ပန္နက်တော်များကို တင်ပေးကြသည်။

ဆက်လက်၍ဝန်ကြီးကပန္နက်တော်ကိုတင်ပေးရာမဟာသဒ္ဓမ္မဇောတိကဓဇ ဦးရှိန်အောင်ဗိုလ်က သုနက္ခတ္တသုမင်္ဂလဂါထာတော်ကို ရွတ်ဆိုသည်။

ထို့နောက်ဆရာတော်၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ပန္နက်တော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဩဂုတ် ၁၂ ရက်က ဟိုတယ် နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းဇော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘောဂျင်းမြို့၌ ဩဂုတ်၇ရက်မှ ၁၀ရက် အထိ ကျင်းပခဲ့သည့် အာဆီယံ+၃ ခရီးသွားလုပ်ငန်းဝန်ကြီးများ အထူးအစည်း အဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့၊ တာမွေမြို့နယ် ကျောက်မြောင်း သီတာလမ်း အမှတ် ၁၃/၁ နေ ကွယ်လွန်သူ ဦးဘသာ (သားကြီး)၊ ဦးကျော်သန်း (သားငယ်)၊ ဦးကျော်ကျော်သာတို့အား ရည်စူး၍ ဒေါ်ကျင်နု(သား) မြန်မာပြည်သိန်းတန်မိသားစုတို့က ဆွမ်းနှင့်ဆေးပဒေသာပင်ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့အလုပ်အမှုဆောင် ဦးအောင်သန်းနှင့် အဖွဲ့ဝင်ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃ စည်ကားစွာကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co., Ltd. က စက်တင်ဘာ ၅ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန Yangon Trade Center တွင် မြန်မာ့ကုန်စည်ပြပွဲ ၂၀၀၃ ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ ပလတ်စတစ်အမျိုးမျိုး၊ စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ ဆောက်လုပ်ရေးပစ္စည်းအမျိုးမျိုး၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ စက္ကူ၊ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်းအမျိုးမျိုး၊ အသေးစားပစ္စည်းနှင့် တပ်ဆင်ပစ္စည်းအမျိုးမျိုး၊ အရေပြားအလှအပထိန်းသိမ်းရေးနှင့် စက္ခုအာရုံသုံးပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုး၊ ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဂျွန်လွင်ဦးစီးသော Star Entertainment Co.,Ltd. ၏ ကုန်ပစ္စည်းကြော်ငြာသရုပ်ပြပွဲနှင့် တွဲဖက်၍ ကျင်းပသွားမည်ဖြစ်သည်။ **(က-ပ)**

မြနန္ဒာစာအုပ်တိုက်ကဩဂုတ်လအတွက် ထုတ်ဝေသည့် စာရေးဆရာမကြည်ဦး၏ အမှတ်တရ ရွှေရုပ်လွှာများ စာအုပ်မျက်နှာဖုံး။ (က-ပ)

ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဩဂုတ် ၁၃

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲက ကြီးမှူး၍ အင်းစိန်အမက(၄၉)မှ ကျောင်းမနေနိုင်သည့် ကျောင်းသားလေးဦးအား ကျောင်းနေစရိတ်ထောက်ပံ့ပေးအပ်ပွဲနှင့် ပဥ္စမအကြိမ်မြောက် ရပ်ကွက်အတွင်းရှိ အလက (၁)၊ အလက(၃)၊ အမက (၄၉)မှ ချို့တဲ့ကျောင်းသားကျောင်းသူ ၃၆ ဦးအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးစာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲ ကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီတွင် အင်းစိန် တောင်သူကုန်းရပ်ကွက် ဘိုကုန်းမဟာသံ့သာရ ဘုရားကျောင်းအနီးရှိ အမက(၄၉) စာသင်ကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်းသားကျောင်းသူများအတွက် ပညာသင်စရိတ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံလှူဒါန်းလိုသူများသည် ကိုယ်တိုင် တက်ရောက်ထောက်ပံ့နိုင်ရန်အတွက် အခမ်းအနားမစမီ နံနက် ၈ နာရီအရောက် ကြွရောက်လှူဒါန်းကြရန် ဖိတ်ကြားထားသည်။ **(က-ပ)**

■ နိုင်ငံတော်မှ

ရှေ့ဦးစွာ ပုဂ္ဂလိကပိုင် ပြုလုပ်ရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်း အကောင်အထည်ဖော်လျက်ရှိရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အစိုးရဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အကျိုးဖြစ်ထွန်းအောင် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများကို ၎င်းတို့အား လွှဲပြောင်းပေးရေး စီစဉ်ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍မိမိတို့ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အချို့သော ပုဂ္ဂလိကများအနေဖြင့် အကြီးစားစက်မှုလုပ်ငန်းများကိုပင် အောင်မြင်စွာ ကိုင်တွယ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်၍ ဝန်ကြီးဌာနများက လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးသင့်သည့် လုပ်ငန်းများကိုလွှဲပြောင်းပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်၏ (၁/၂၀၀၃) ကြိမ်မြောက် အစည်းအဝေးမှတ်တမ်းကို အတည်ပြုကြသည်။

ဆွေးနွေးအတည်ပြု

ဆက်လက်၍ စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင်က ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်၏ (၁/၂၀၀၃) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကော်မရှင်အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများက မိမိတို့ ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးလုပ်ငန်းများအနက်ပုဂ္ဂလိကလုပ်ငန်းရှင်များအား လွှဲပြောင်းပေးရန် အဆိုပြုထားသော လုပ်ငန်းများ၏ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ခိုင်ပန်းစုံမှုန်မာလာ(ယိုးဒယား) ပြောင်းလဲပြင်ဆင်

ရန်ကုန် ဩဂုတ် ၁၃

ကောဒသမအကြိမ် (၁၁ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ ကြိုတင်သိရှိလေ့ကျင့်နိုင်ရန်အတွက် သတ်မှတ်ပြဋ္ဌာန်းထားသည့် တေးသီချင်းများကို ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာတို့မှ ထုတ်ပြန်ကြေညာပေးရာတွင် ဆိုင်းတစ်ဦးချင်း၊ ပညာရှင်အဆင့်ပြိုင်ပွဲ အမှတ်စဉ်(ခ)၌ "ခိုင်ပန်းစုံ(ယိုဒယား)"အစား "ခိုင်ပန်းစုံမှုန်မာလာ(ယိုးဒယား)"ဟု ပြောင်းလဲပြင်ဆင်ကြောင်း သက်ဆိုင်ရာက သတင်းရရှိသည်။

(သတင်းစဉ်)

မလေးစကားပြော သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

K.M Language & Business Centreက စီစဉ်သော အချိန်တိုအတွင်း အထိရောက်ဆုံးသောနည်းဖြင့်လက်တွေ့လေ့ကျင့်သင်ကြားပေးမည့် မလေးစကားပြောသင်တန်းကို ဩဂုတ် ၁၉ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ KM Centreအမှတ် ၂၅၊ နံ့သာလမ်း၊ ဌာနေရပ်ကွက်၊ အလုံမြို့နယ် ခန်းမအနီး၊ ဖုန်း–၂၂၁၁၆၀ နှင့် အမှတ် ၂၈၆၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ဖုန်း–၇၀၉၈၇၄ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဆုချီးမြှင့်

ဩဂုတ် ၁၂ ရက်က မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ် မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (၃၅)ကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

ပန်းဆိုးတန်း ခရီးသည်နားနေဆောင်သစ်ဖွင့်ပွဲကျင်းပ တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီးနှင့် ဝန်ကြီးများတက်ရောက်ချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပန်းဆိုးတန်း–ဒလ ကူးတို့ဆိပ်ကမ်း ခရီးသည်နားနေဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါနားနေဆောင်သစ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းသိန်း၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ ဌာနအကြီးအကဲများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မင်္ဂလာအချိန်တွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ခရီးသည် နားနေဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဝန်ကြီးများသည် ခရီးသည်နားနေဆောင်သစ်ကို ကြည့်ရှုကြသည်။

အဆိုပါ ခရီးသည်နားနေဆောင်သစ်ကို ပန်းဆိုးတန်းဆိပ်ကမ်းသာယာလှပရေး၊ ပန်းဆိုးတန်း–ဒလ ကူးတို့ရေယာဉ်စီး ခရီးသည်များနားနေမှုအဆင်ပြေ ချောမွေ့စေရေးတို့အတွက် အလျား ပေ ၁၁၀၊ အနံ ၄၂ ပေ ရှိ အဆင့်မြင့် အဆောက်အအုံသစ်ကို ဆောက်လုပ်ဖွင့်လှစ်ပေးခြင်းဖြစ်သည်။ နားနေဆောင်သစ်၌ လက်မှတ်ရောင်းကောင်တာ၊ နားနေခန်း၊ ရုံးခန်း၊ မန်နေဂျာခန်းနှင့် သန့်စင်ခန်းများပါရှိပြီး ခရီးသည် ၅၀၀ နားနေနိုင်သည့် ထိုင်ခုံများ တပ်ဆင်ထားသည်။

ယနေ့ နံနက်ပိုင်းမှစ၍ အဆိုပါ နားနေဆောင်သစ်၌ ပန်းဆိုးတန်း–ဒလ ကူးတို့ ရေယာဉ်စီး ခရီးသည်များ စတင်အသုံးပြုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ချစ်စိတ်နှဲ့ သုခမပွဲ

* မြန်မာမှု သုခမ
မြတ်နိုးစရာ့ပညာ၊
တို့ပြည်ရွာ ငြိမ်းချမ်းတေးနဲ့
နွှေးထွေးလှစွာ။
ဂီတပညာ
စုံလင်ကာပေါ်ထွန်း၊
သံသာယာ ရွှင်ပျော်ပါး
နိုးကြားစေညွှန်း။
* မမြင်စဖူး
ထူးကဲစွ ရှေးတူရိယာ၊
ဆန်းကြယ်စွာ ဖန်ဆင်းလို့
တေးချင်းညင်သာ။
စောင်း ပလွေ နဲ့ စုံစွာ
ပုံမောင်းဖြာ မြိုင်လင်းကွင်း၊
တေးသံစုံသီကျူး
မြူးပါဘိခြင်း။
* မြန်မာ့ ဆိုင်းဝိုင်း
ပွဲတိုင်းလည်း ကျော်ပေ၊
ဝိုင်းတော်သူ ဝိုင်းတော်သားတို့
အားရဖျော်ဖြေ။
မှတ်သားစရာ ထွေထွေ
အတုယူစရာတွေ အမြောက်အမြား၊
ပြည့်ဂုဏ်ဆောင် အမျိုးသားပွဲ
ပြည်ချစ်စိတ်အားမာန်ဖွဲ့နဲ့
နွှဲကြစို့လား။ ။

(မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲကို ဂုဏ်ပြုလျက်)

မန်းခင်ခင်

7 Day News ဂျာနယ် အတွဲ(၂)၊အမှတ်(၂၁)ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၃

အပတ်စဉ်ထုတ်ဝေလျက်ရှိသော 7 Day Newsဂျာနယ်သည် စီးတီးအီလက်ထရောနစ်စင်တာ မကြာမီဖွင့်မည်၊ လက်တွေ့ကျ၍ အကျိုးအမြတ်ရှိသော ထိုင်း–မြန်မာ ကုန်သွယ်ရေးဖြစ်ရန် ၂၀၀၄ တွင် ပြင်ဆင်မည်၊ ကိုယ်တိုက်ဆပ်ပြာများ စီးပွားဖြစ်ထုတ်လုပ်နိုင်တော့မည်၊ လိုင်စင်မပါသည့် ယာဉ်မောင်းများ ထိရောက်စွာ အရေးယူခံရမည်၊ မြန်မာတို့နှင့် ရင်းနှီးလာစေသည့် မြန်မာ့အာမခံလုပ်ငန်းနှင့် တွေ့ဆုံခြင်းစသည့်သတင်းဆောင်းပါးများဖြင့် ဂျာနယ် အတွဲ(၂)၊ အမှတ် (၂၁) ကို ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ထို့အပြင် မင်းသားကြီးဂျွန်ဝိန်းကို လုပ်ကြံရန် စတာလင်ကြံစည်ခဲ့၊ သိပ္ပံပညာရှင်များက မီးဖွားချိန်ကိုရွှေ့နိုင်ပြီ၊ ဂျာမနီလေကြောင်းလိုင်း အာဖဂန်နှင့် ပြန်ဆက်၊ အားနိုး ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူးအဖြစ် အရွေးခံမည်၊ ကုလသမဂ္ဂဆုံးဖြတ်ချက် အသစ်တစ်ခုကို လိုအပ်နေပြီလား စသည့် နိုင်ငံတကာ သတင်းဆောင်းပါးသုံးသပ်ချက်များပါဝင်ကာ E-empire Media (ဖုန်း–၇၀၃၈၁၃)က ယနေ့ ဖြန့်ချိလိုက်သည်။

(က–ပ)

မန္တလေး ICT Park International ICT Exhibition 2003

* Hardware ပြခန်းများ
* Software ပြခန်းများ
* ပညာရေးပြခန်းများ
* ပညာရေးဆိုင်ရာ ဟောပြောပွဲများ

ကျင်းပမည့်နေ့ – ၁၆–၈–၂၀၀၃ မှ ၂၀–၈–၂၀၀၃ ထိ။
ကျင်းပမည့်အချိန် – နံနက် ၉ နာရီ မှ ညနေ ၅ နာရီ ထိ။
ကျင်းပမည့်နေရာ – ရတနာပုံဈေး စတုတ္ထထပ်၊မန္တလေး။

မြန်မာ့ရုပ်မြင်သံကြား

၁၄–၈–၂၀၀၃
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓေအဂ္ဂ မဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာ့ပြုဆရာတော်ကြီး ဦးတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူ ကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ အကပဒေသာ
၈:၂၅ ၈။ ပုလင်းရေလှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let' Go

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၀ ၃။ English For Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သချ်ာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) [သချ်ာ]
၁၇:၁၀ ၆။ **"ရွှေပေးလို့မရ"** (အပိုင်း–၂) (ပန်းဖြူ၊ ခိုင်သင်းကြည်၊ လှအဥ္စလီတင့်)**(ရှမ်းဘာသာစကားဖြင့်)** [ဒါရိုက်တာ–မောင်နှင်းမိုး]
၁၇:၂၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၄၀ ၈။ ကောဒသမအကြိမ်(၁၁ကြိမ်) မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (ပညာရှင်အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၁၇:၅၅ ၉။ မြန်မာစာ၊ မြန်မာစကား
၁၈:၁၅ ၁၀။ မူဟန်သွယ်သွယ်ဆိုကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ Milo Success In Soccer
၁၉:၁၀ ၁၄။ တေးဂီတအစီအစဉ်
၁၉:၂၅ ၁၅။ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံ၊ ကျောက်ဆည် (အင်းကုန်း)
၁၉:၄၀ ၁၆။ နိုင်ငံဖွံ့ဖြိုးပြည့်အကျိုး
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ဒသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ **"ရာမာယဏဇာတ်တော်ကြီး"** (ဒုတိယဆု)(ရန်ကုန်တိုင်း–၁) (ပထမပိုင်း)

အီရတ်၌ဖြစ်ပွားနေသော အခြေအနေ ဖရိုဖရဲဖြစ်မှုများ

အီရတ်မှ နိုင်ငံခြားတပ်များ ထွက်သွားခြင်းဖြင့်သာ အဆုံးသတ်နိုင်မည်

တီဟီရန် ဩဂုတ် ၁၁

အီရတ်တွင် ဖြစ်ပွားနေသော အခြေအနေ ဖရိုဖရဲဖြစ်မှုများသည် နိုင်ငံခြားတပ်များ အီရတ်နိုင်ငံအတွင်းမှ ထွက်သွားခြင်းဖြင့်သာ အဆုံးသတ်မည်ဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက သတိပေး ပြောကြားလိုက်သည်။

အပြစ်မဲ့သူများကို အသက်ဘေးအန္တရာယ်ဖြစ်စေမည့် တစုံတရာ လုပ်ဆောင်ချက်ကို မိမိတို့ မထောက်ခံကြောင်း၊ အီရတ်၌ နိုင်ငံခြားတပ်များ ရှိနေမှုနှင့် အီရတ်လူမျိုးများကို ၎င်းတို့ ပြုမူဆက်ဆံသည့် နည်းလမ်းသည် အီရတ်၌ လုံခြုံမှုမရှိဖြစ်စေသည့် အကြောင်းရင်းများဖြစ်သည်ဟု မိမိတို့ထင်ကြောင်း အပတ်စဉ် သတင်းစာရှင်းပွဲ၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ဟာမစ်ရီဇာအဆီဖီက ပြောဆိုသည်။

အီရတ်၌ အခြေအနေ ငြိမ်သက်သွားစေရန်အတွက် နိုင်ငံခြားတပ်များ ပြန်ကြရန်လိုအပ်ကြောင်းနှင့် အီရတ်နိုင်ငံ၏ အနာဂတ်ကို အီရတ်တို့အားပေးရန် သဘောတူဖို့လိုကြောင်း အဆီဖီက တနင်္လာနေ့တွင် ပြောဆိုသည်။

ယင်းအခြေအနေများအရသာ မိမိတို့သည် အီရတ်၌ အခြေအနေ ဖရိုဖရဲဖြစ်မှု အဆုံးသတ်ရေးကို မျှော်လင့်နိုင်ကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၈၀အကွာရှိ ဘာကူဘာမြို့တွင် အီရတ်နှစ်ဦးက ဆက်ဒမ်ဟူစိန် ရုပ်ပုံပါရှိသော ပိုစတာတစ်ခု ကိုင်ဆောင်ပြီး အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်နေကြသည်ကို ဩဂုတ် ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တရုတ်–သီရိလင်္ကာ တိုးမြှင့်ဆောင်ရွက်သွားမည်

ဘေဂျင်း ဩဂုတ် ၁၂

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်သည် တောင်အာရှဒေသ၌ တရုတ်နိုင်ငံနှင့် စီးပွားရေး၊ ကုန်သွယ်ရေးကဏ္ဍများတွင် အဓိက ကုန်သွယ်ဘက်နိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံမှ ဝန်ကြီးချုပ် ရာယာနန်မာဆင်ဂါနှင့် ယမန်နေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲ၌ သီရိလင်္ကာနိုင်ငံနှင့် စီးပွားရေး၊ ကုန်သွယ်ရေးလုပ်ငန်းများကို အရင်ကထက် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ယဉ်ကျေးမှုချင်း ဆက်သွယ်မှုရှိခဲ့ကြောင်း ဝန်ကြီးချုပ်ဝမ်ကျားပေါင်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးကို ၁၉၅၀ပြည့်နှစ် ကတည်းက တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဆက်လက်ပြီး ဝန်ကြီးချုပ် ဝမ်ကျားပေါင်က နှစ်နိုင်ငံ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ အပါအဝင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သီရိလင်္ကာဝန်ကြီးချုပ်ကလည်း တရုတ်နိုင်ငံသည် ၎င်းတို့၏ မိတ်ဆွေရင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ၎င်း၏ ငါးရက်ကြာ တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း ပြည်သူ့ပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍနှစ်ခုစလုံးမှာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောကြားခဲ့သည်။ ဇန်နဝါရီလမှ မေလအတွင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ယခင်ကာလများထက် ၄၀ ရာခိုင်နှုန်း ပိုမိုတိုးတက်ခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

အီရတ်နိုင်ငံ တည်ငြိမ်အေးချမ်းရန် အမေရိကန်တို့ လုပ်ပေးဖို့မလိုဟု အီရတ်သံအမတ်ကြီးဟောင်း ပြောကြား

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုရှိအောင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးရန်မလိုကြောင်း ကုလသမဂ္ဂဆိုင်ရာ ယခင်အီရတ်သံအမတ်ကြီး မိုဟာမက်အယ်လ်ဒူရီက ပြောကြားလိုက်သည်။

အပြစ်တင်

အီရတ်နိုင်ငံ၏ အချို့ပြည်သူ့ရေးရာလုပ်ငန်းများ၌ လုံခြုံရေးဆိုင်ရာ လစ်ဟင်းနေမှုများအတွက်လည်း မိုဟာမက်အယ်လ်ဒူရီက အမေရိကန်နှင့် ဗြိတိန်တပ်ဖွဲ့များကို အပြစ်တင်ပြောကြားသည်။

ထို့အပြင် အမေရိကန်တို့ ပြောကြားနေသည့် ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ဆိုသည်မှာ မည်သည့်နေရာရောက်နေသည်မသိကြောင်း၊ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် အလုပ်အကိုင်များလည်း မရရှိကြောင်း ပြောကြားသည်။

ကြုံတွေ့

အီရတ်ပြည်သူ ၇၅ရာခိုင်နှုန်းမှာ အလုပ်လက်မဲ့များ ဖြစ်နေကြရသည့်အပြင် အီရတ်နိုင်ငံ၌ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့်ပါ ကြုံတွေ့နေရပြီဖြစ်ကြောင်း ပြောကြားသည်။ **(စီအင်န်အင်န်)**

မေ ၁ ရက်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန် စစ်မှုထမ်းများ၏ကမ္ပည်းကျောက်တိုင်ကို ဝါရှင်တန်မြို့ရှိ ကက်ပီတယ်လ် အဆောက်အအုံကြီး၏ရှေ့တွင် စိုက်ထူထားသည်ကို ဤသို့ တွေ့ရစဉ်။

(ဓာတ်ပုံ– စထရိတ်တိုင်းမ်)

အီရတ်ရှေ့တန်းစစ်မျက်နှာနှင့် အမေရိကန်ပြည်ထောင်စုအတွင်း အင်တာနက်မှဆင့်နွဲသော မကြုံစဖူးထူးကဲသည့်ထိုးနှက်ချက်များ အမေရိကန်ခေါင်းဆောင်ပိုင်းကိုအကြီးအကျယ်ဝေဖန်တိုက်ခိုက်နေ

ဝါရှင်တန် ဩဂုတ် ၁၁

အီရတ်ရှေ့တန်းစစ်မျက်နှာနှင့် အမေရိကန်ပြည်ထောင်စုအတွင်း၌ အင်တာနက်မှနေ၍ ဆင်နွှဲသော မကြုံစဖူးထူးကဲသည့် ထိုးနှက်ချက်များသည် အီရတ်တွင်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အမှန်တကယ်ရှိသော အန္တရာယ်အခြေအနေကို ဖော်ပြနေသည်။အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ အရေအတွက်သည် ပိုများနေကြောင်း၊ စစ်ရေးအင်အားကိုလည်း ပုံမှန်အတိုင်း မသုံးဘဲရှိနေကြောင်း အီရတ်တွင်ရှိနေကြသည့် အမေရိကန်တပ်ဖွဲ့ဝင်တို့က ဆိုသည်။

ဆက်ဒမ်ဟူစိန် တိုက်ခိုက်ရေးသမားများ၏ သေနတ်ပြောင်းများအောက်တွင် အသက်ကို စွန့်ထားရသော အမေရိကန် တပ်ဖွဲ့ဝင်များထံမှ တိုက်ရိုက်ဝေဖန်ပြစ်တင်မှုများလည်း ရှိလာနေသည်။

ယခုအခါ ထိုတပ်ဖွဲ့ဝင်များသည် ယခင်က စစ်ပွဲများတွင်သုံးသော လက်နက်များကို မသုံးကြတော့ဘဲ အင်တာနက်ဆိုသည့် လက်နက်ကို အသုံးပြုလျက် ထိုးနှက်တိုက်ခိုက်လာနေကြသည်ဟု လန်ဒန်မြို့ထုတ် အော့ဇားဗား သတင်းစာအဆိုအရ သိရသည်။ အီးမေးလ်ကတစ်ဆင့် ပို့သော သတင်းများအရ အီရတ်တွင်ရှိသော အမေရိကန် တပ်ဖွဲ့ဝင်များ၏ တစ်နေ့ပြီးတစ်နေ့ တွေ့ကြုံနေရသော ကြီးမားသည့်ဘေးအန္တရာယ်များ၏ ရုပ်ပုံကားချပ်သည် ပေါ်လာနေသည်။

ပြီးခဲ့သော သီတင်းပတ်၌ အွန်လိုင်းမှနေ၍ အမှတ်(၆၇၁)အင်ဂျင်နီယာတပ်မှ အစ်ဆက်ကိုင်းဘလာဒီဆိုသူ ပေးပို့ခဲ့သော သတင်းတွင် မိမိတို့ကို ယခုအခါ အီရတ်တို့၏ မျက်စိထဲတွင် သိမ်းပိုက်ရေးတပ်အဖြစ် မြင်လာနေကြကြောင်း၊ မိမိတို့ကိုယ် မိမိတို့ သူရဲကောင်းများအဖြစ် မခံစားရကြောင်း၊ တပ်ဖွဲ့ဝင်များ စိတ်ဓာတ် ကျဆင်းနေကြောင်း ဖော်ပြကာ အမေရိကန်ခေါင်းဆောင်ပိုင်းကို အကြီးအကျယ် ဝေဖန်တိုက်ခိုက်ခဲ့သည်။

ယင်းမကျေနပ်သည့် ခံစားချက်များကို ဖော်ထုတ်ရာ အဓိကလမ်းကြောင်းတစ်ခုမှာ ဗီယက်နမ်စစ်ပွဲအတွင်းက အသက်အငယ်ဆုံး ဗိုလ်မှူးကြီးဖြစ်ခဲ့သူ စစ်သားဟောင်းကြီး ဒေးဗစ်ဟက်ဝပ်သ်လုပ်ဆောင်နေသည့် အင်တာနက် ဝက်ဘ်ဆိုက်ဖြစ်ကြောင်း အော့ဇားဗားက ဆိုသည်။

ဒေးဗစ်ဟက်ဝပ်သ်သည် အီရတ်ရှိ တပ်ဖွဲ့ဝင် အများအပြားထံမှ အီးမေးလ်ဖြင့်ပို့သည့် မကျေနပ်ချက်စာများကို တစ်နေ့လျှင် အစောင် ၅၀၀ နီးပါးမျှ ရရှိနေသည်။ အီရတ်ရှိ တပ်ဖွဲ့ဝင်များပေးပို့သည့် မကျေနပ်ချက်စာများတွင် အထက်အရာရှိများ၏ ဆက်ဆံရေးညံ့ဖျင်းပုံကအစ သူတို့၏ စစ်လက်နက်ပစ္စည်းများမှာလည်း ချွတ်ယွင်းချက်များ ရှိသည်အထိ အရာရာကို ထည့်သွင်း ရေးသားထားကြသည်။

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို နောက်ထပ် ဒေါသထွက်စေခဲ့သည့် အကြောင်းတစ်ခုမှာ မကြာသေးမီက တိုးပေးခဲ့သော အန္တရာယ်ကြေးနှင့် မိသားစု ခွဲခွာနေရသည့်အတွက် ခွင့်ပြုထားငွေများကို ဘုရှ်အစိုးရက ပြောင်းပြန်လုပ်လိုက်ခြင်းကြောင့် ဖြစ်သည်။

နေ့စဉ်နှင့်အမျှ အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် တိုးလာနေမှုနှင့်အတူ ထိုသို့ အမေရိကန် တပ်ဖွဲ့ဝင်များအတွက် အကျိုးခံစားခွင့်များကို လျှော့ချ ဖြတ်တောက်ရန် သမ္မတဂျော့ဒဗလျူဘုရှ်က စီစဉ်ခဲ့ခြင်းအတွက် အမေရိကန်တပ်ဖွဲ့ဝင်များအတွင်း စိတ်မသက်မသာဖြစ်ရမှုများ တိုး၍ဖြစ်ပွားနေသည်။ **(စထရိတ်တိုင်းမ်)**

စစ်ပွဲဆင်နွှဲသည့်အကြောင်းပြချက်ကိုချဲ့ကားထားသည်ဟုသတင်းရေးသားခဲ့သူ သိပ္ပံပညာရှင် ဒေးဗစ်ကယ်လီအမှုမစစ်မီ တရားရုံး၌အစစ်ခံရမည်

လန်ဒန် ဩဂုတ် ၁၁

အခိုင်အမာပြောဆိုချက်များ၏ နောက်ကွယ်တွင်ရှိသည်ဟု စွပ်စွဲထားသော မိမိကိုယ်မိမိ သတ်သေသွားပုံရသည့် ဗြိတိသျှအစိုးရ၏ သိပ္ပံပညာရှင်အမှုကို မစစ်ဆေးမီ ဗြိတိသျှအစိုးရသည် အီရတ်ကို စစ်ပွဲဆင်နွှဲရန်အကြောင်းပြချက်ကို ချဲ့ကားဖော်ပြခဲ့ကြောင်း သတင်းရေးသားခဲ့သူ ဘီဘီစီသတင်းထောက်သည် တရားရုံး၌ အစစ်ဆေးခံရမည်ဖြစ်သည်။

ဝန်ကြီးချုပ် တိုနီဘလဲ၏ ဂုဏ်သိက္ခာနှင့်စပ်လျဉ်း၍ အရေးကြီးသည့် အနေအထားတွင်ရှိနေသော သိပ္ပံပညာရှင် ဒေးဗစ်ကယ်လီ သေဆုံးရသည့် အမှုအထောက်အထားများကို တနင်္လာနေ့တွင် စတင် ကြားနာစစ်ဆေးလျက်ရှိသည်။

ဘီဘီစီသတင်းထောက် အင်ဒရူးဂီလီဂန်က ဗြိတိသျှအစိုးရသည် လွန်ခဲ့သည့် စက်တင်ဘာလက ဖော်ပြခဲ့သော အီရတ်၏ လက်နက်များနှင့်ဆိုင်သည့် မှတ်တမ်း အထောက်အထားများသည် ပရိသတ် ပိုမိုစိတ်ဝင်စားလာအောင် ချဲ့ကားထားခဲ့ကြောင်း မေလထဲ၌ စွပ်စွဲရေးသားခဲ့ရာ ၎င်းသည် တရားသူကြီး ဘရိုင်ယန်ဟတ်တွန် ရှေ့မှောက်၌ အစစ်ဆေး ခံရမည်ဖြစ်သည်။

(အင်တာနက်)

ဘဂ္ဂဒက်မြို့ အဓိကဈေးလမ်းမကြီးတစ်ခုတွင် မီးလောင်ထားသော အမေရိကန်စစ်ယာဉ်တစ်စီးအနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးစောင့်ကြပ်နေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌အမေရိကန်တပ်ဖွဲ့ဝင်များပစ်ခတ်၍ အပြစ်မဲ့အီရတ်ပြည်သူ သုံးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များကို ဆန့်ကျင်တိုက်ခိုက်နေမှုများ ရပ်တန့်သွားစေရေးရည်ရွယ်ပြီး အမေရိကန်တပ်ဖွဲ့များက စစ်ဆင်ရေးအသစ်တစ်ရပ်ကို ဆင်နွှဲလျက်ရှိစဉ်အတွင်း ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း၌ ပေါက်ကွဲမှုတစ်ရပ် ယမန်နေ့က ဖြစ်ပွားခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကာ နှစ်ဦးဒဏ်ရာရရှိသွားခဲ့သည်။

တီကရစ်မြို့ မြောက်ပိုင်း၌လည်း တိုက်ခိုက်မှုတစ်ရပ်ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီး တိုက်ခိုက်ခြင်းခံခဲ့ရပြီးနောက် အမေရိကန်တပ်ဖွဲ့များက သေနတ်ဖြင့် ပစ်ခတ်သဖြင့် အီရတ်လူမျိုးသုံးဦး သေဆုံးသွားခဲ့သည်။ သေဆုံးသူများသည် လမ်းသွားလမ်းလာ အပြစ်မဲ့ပြည်သူများဖြစ်ကြောင်း အီရတ်ပြည်သူအချို့က ပြောကြားသည်။ **(စီအင်န်အင်န်)**

ဒေးဗစ်ကယ်လီသေဆုံးသည့်ကိစ္စ ဘလဲပြောဆိုချက် မယုံကြည်သူများပြား ဒေးဗစ်ကယ်လီကိစ္စကြောင့် ဘလဲအပေါ် လူထုအကြိုက်လျော့ကျသွား

လန်ဒန် ဩဂုတ် ၁၂

ဗြိတိန် လက်နက်ပါရဂူ ဒေါက်တာဒေးဗစ်ကယ်လီသေဆုံးခဲ့ရမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်လျက်ရှိရာ သေမှုသေခင်းဆိုင်ရာ ဥပဒေကြောင်းအရ စုံစမ်းမှုသာမက ဒေါက်တာကယ်လီ၏ ဂုဏ်သိက္ခာ၊ ဗြိတိန်အစိုးရနှင့် ဘီဘီစီတို့၏ ဂုဏ်သိက္ခာ နာမည်သတင်းတို့အပေါ် စုံစမ်းစစ်ဆေးမှု တစ်ရပ်အဖြစ်လည်း ရှုမြင်နေကြသည်။

ပထမနေ့ ကြားနာမှုများအပြီး ဒေါက်တာကယ်လီ၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများ၏ ထွက်ဆိုချက်အရ ဒေါက်တာကယ်လီ၏ အကြံဉာဏ်များကို ဗြိတိန်ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများက အလေးထား ဂရုပြုထောက်ခံကြရကြောင်း၊ အဓိကကျသည့် ထောက်လှမ်းရေးဆိုင်ရာ အချက်အလက်များကိုလည်း သိရှိလေ့လာခွင့်ရသည့် အဆင့်မြင့် အရာရှိကြီးတစ်ဦးဖြစ်ကြောင်း ထင်ရှားစွာ သိရှိခဲ့ရသည်။

ဗြိတိန်အစိုးရက ဒေါက်တာကယ်လီသည် အလယ်အလတ်အဆင့်ရှိ သာမာန်သိပ္ပံပညာရှင် အရာရှိတစ်ဦးသာဖြစ်သည်ဟု ပြောကြားချက်များ ရှိခဲ့ရာ ယခုပေါ်ပေါက်လာမှုများသည် တိုနီဘလဲအစိုးရအတွက် အခက်တွေ့စေခဲ့သည်။ လတ်တလော စစ်တမ်းကောက်ယူချက်အရ ဗြိတိန်နိုင်ငံသားများ၏ ၄၇ ရာခိုင်နှုန်းက ဝန်ကြီးချုပ် တိုနီဘလဲ ပြောကြားချက်များကို မယုံကြည်ကြောင်း၊ ၃၇ ရာခိုင်နှုန်းကမူ ယခုကိစ္စကြောင့် ဝန်ကြီးချုပ်အနေဖြင့် နုတ်ထွက်သင့်ကြောင်း ဖြေကြားခဲ့ကြသည်ဟု သိရသည်။ ယခင်အကြိမ်က အောင်မြင်မှုရရှိခဲ့သော တိုနီဘလဲ အနေဖြင့် ယခုကိစ္စကြောင့် ပြည်သူများအကြား လူကြိုက်များမှု လျော့ကျသွားကြောင်း ဆန်းစစ်တွေ့ရှိရသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဂျွန်ဆင်အာကာသစခန်းမှ သတို့သမီး ဒမီထရီယက်ဗ် အာကာသယာဉ်မှူးကိုယ်စား ရုပ်တုအရုပ်ဖြင့် လက်ထပ်လိုက်ရ

တက္ကဆပ် ဩဂုတ် ၁၃

နိုင်ငံတကာ အာကာသစခန်းတွင်ရောက်ရှိနေသော ရုရှားအာကာသယာဉ်မှူး ယူရီမာလင်ချင်ကို (၄၁)နှစ်သည် ဗီဒီယိုမှတစ်ဆင့် သူ၏ချစ်သူ သတို့သမီးနှင့် တနင်္ဂနွေနေ့က ထိမ်းမြားလက်ထပ်လိုက်သည်။

ရုရှား အာကာသယာဉ်မှူး ယူရီမာလင်ချင်ကိုသည် သူကိုယ်တိုင် ကမ္ဘာမြေပြင်သို့ ဆင်းမလာနိုင်သေးမီ သူ့ကိုယ်စား သူ၏ ဆိုက်တူရွယ်တူ ရုပ်ပုံကားချပ်နှင့် သတို့သမီးတို့တွဲပြီး မင်္ဂလာဆောင်လိုက်ရသည်။ **(ဓါပုံ)**

သူ၏ချစ်သူမှာ မိစ်အီကာတီးရီးနား ဒမီထရီယက်ဗ် ဖြစ်သည်။ မိစ်အီကာတီးရီးနားဒမီထရီယက်ဗ်မှာ အသက် (၂၆) နှစ် ရှိပြီ ဖြစ်ပြီး ဟူစတန်မြို့ရှိ နာဆာဂျွန်ဆင် အာကာသစခန်းတွင် အလုပ် လုပ်ကိုင်နေသူ ဖြစ်သည်။ တက္ကဆပ်ပြည်နယ် ဥပဒေအရ လက်ထပ်မင်္ဂလာပွဲသို့ တစ်ဖက်သား မတက်ရောက်နိုင်သေးသည့်တိုင်အောင် လက်ထပ်ထားခွင့်ရှိသည်။

လက်ထပ်မင်္ဂလာအခမ်းအနားကို အကျယ်မချဲ့ဘဲ ခပ်ကျဉ်းကျဉ်းကျင်းပကြောင်း၊ မိသားစုနှင့်ဆွေမျိုးမိတ်သင်္ဂဟများ တက်ရောက်ခဲ့ကြောင်း၊ လက်ထပ်မင်္ဂလာအခမ်းအနားကို ဂျွန်ဆင် အာကာသစခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **အေပီ၊အေအက်ဖ်ပီ**

၁၂-၈-၂၀၀၃ရက်ထုတ် စထရိတ်တိုင်းမ်မှ

အီရတ်စစ်ကိုဆန့်ကျင်ပြီး လူသားကာကွယ်ဒိုင်းလုပ်ခဲ့သူ အမေရိကန်ကျောင်းဆရာမ ဥပဒေချိုးဖောက်သည်ဆိုကာ အမေရိကန်အစိုးရကဒဏ်ငွေရိုက်သော်လည်း မပေး လုံးဝနောင်တမရဘဲ အခွင့်အရေးရလျှင် နောက်ထပ်လူသားကာကွယ်ဒိုင်း လုပ်ဦးမည်ပြော

ဝါရှင်တန် ဩဂုတ် ၁၂

အီရတ်စစ်ပွဲအတွင်း လူသားဒိုင်းအဖြစ် ဆောင်ရွက်ခဲ့သူ ဖိသ်ဖစ်ပင်ဂါမည်ရှိ အမေရိကန်အမျိုးသမီးတစ်ဦးအား ဥပဒေချိုးဖောက်မှုဖြင့် အမေရိကန်အစိုးရက ဒဏ်ငွေရိုက်ခဲ့ကြောင်း သိရသည်။ ဖစ်ပင်ဂါသည် အသက် (၆၂)နှစ်အရွယ်ရှိ ကျောင်းဆရာမဟောင်းတစ်ဦးဖြစ်ပြီး အမေရိကန်အစိုးရကဆင်နွှဲသည့် အီရတ်စစ်ပွဲကို မလိုလားသည့်အတွက် အီရတ်သို့ သွားရောက်ပြီး လူသားအကာအကွယ်ဒိုင်းအဖြစ် ဆောင်ရွက်ခဲ့သူများအနက် တစ်ဦးဖြစ်သည်။

၎င်းသည်အီရတ်နိုင်ငံတွင် အခြားအမေရိကန်လူမျိုး ၂၀ ကျော်နှင့်အတူ သုံးလကြာနေထိုင်ခဲ့ပြီး ၎င်းအနေဖြင့် လုံးဝနောင်တမရကြောင်း၊ ထပ်မံအခွင့်အရေးရမည်ဆိုပါကလည်း လူသားကာကွယ်ဒိုင်းများအဖြစ် ဆောင်ရွက်ဦးမှာဖြစ်ကြောင်း၊ အစိုးရက ၎င်းအပေါ် ဒဏ်ရိုက်မှုသည်လည်း တရားမျှတမှုမရှိကြောင်း၊ ၎င်းအနေဖြင့် မည်သည့်ဥပဒေကိုမျှ မချိုး ဖောက်ကြောင်း၊ ထို့ကြောင့် ဒဏ်ငွေလည်း ပေးဆောင်မည်မဟုတ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

တရုတ်နှင့် သီရိလင်္ကာနိုင်ငံတို့ တိုက်ရိုက်လေယာဉ် ပျံသန်းရေး ဆောင်ရွက်မည်

ဘေဂျင်း ဩဂုတ် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့သည် ၂၀၀၄ ခုနှစ် နိုဝင်ဘာတွင် တိုက်ရိုက်လေယာဉ်ပျံသန်းရေး ဖွင့်လှစ်ရန် စီစဉ်နေကြောင်း၊ ထိုသို့ လေကြောင်းလိုင်း ဖွင့်လှစ်ခြင်းဖြင့် နှစ်နိုင်ငံအကြား ခရီးသွားဈေးကွက် တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ ခရီးသွားဘုတ်အဖွဲ့ဥက္ကဋ္ဌ ပက်ဒီဝှစ်အာနာက ပြောကြားရာတွင် ဘေဂျင်းမြို့၌ တနင်္လာနေ့တွင် ပြုလုပ်သည့် ကိုလံဘိုနှင့် ဘေဂျင်း နီးနှောဖလှယ်ပွဲတစ်ခု၌ နှစ်နိုင်ငံဆိုင်ရာ နောက်ဆုံးလတွင် မှတ်တမ်းမှတ်ရာ အလုပ်များ ပြီးဆုံးပြီးနောက် အပတ်စဉ် တိုက်ရိုက်လေယာဉ်တစ်စင်း ပျံသန်းရေးကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ မြောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ အရဏ်ဦးဝင်ရောက် စီးနင်းတိုက်ခိုက်မှုတွင် ဖမ်းဆီးထားသော အီရတ်ပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် ပြန်လည်တည်ဆောက်ခြင်းနှင့် လုံခြုံရေးထိန်းသိမ်းမှုစရိတ် စစ်ပွဲနှင့်နောက်ဆက်တွဲ ကုန်ကျစရိတ်များထက် များစွာကျော်လွန်ဖွယ်ရှိ

ဝါရှင်တန် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ခြင်းနှင့် လုံခြုံရေးထိန်းသိမ်းမှုအတွက် အမေရိကန်ပြည်ထောင်စု၏ ကုန်ကျစရိတ်စာရင်းသည် စစ်ပွဲနှင့်နောက်ဆက်တွဲကုန်ကျစရိတ်စာရင်းထက် များစွာကျော်လွန်ဖွယ်ရှိပြီး အချို့ပုဂ္ဂလိကဆန်းစစ် လေ့လာသူများက ဒေါ်လာ ၆၀၀ ဘီလီယံမျှအထိရှိနိုင်ကြောင်း ခန့်မှန်းတွက်ချက်ခဲ့ကြသည်။

ဘုရှ်အစိုးရက ယခုအချိန်ထိ ဇဝေဇဝါနိုင်သော အသေးစိတ်မျှကိုသာ ဖော်ပြလျက်ရှိသေးရာ ရီပတ်ဘလီကန်တို့အပြင် ဒီမိုကရက်တစ်အမတ်များပါ စိတ်အနှောင့်အယှက် ဖြစ်နေကြရသည်။

မကြာသေးမီက ပြုလုပ်ခဲ့သော စီအင်ဘီစီ၏ ငွေကြေးအစီရင်ခံစာဆိုင်ရာ တွေ့ဆုံမေးမြန်းခန်းတွင် အီရတ်ရှိ အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက ပြန်လည်တည်ဆောက်ရေး ကုန်ကျစရိတ်သည် ဒေါ်လာ ၅၀ ဘီလီယံ၊ ၆၀ဘီလီယံ ကျော်ကောင်း ကျော်မည်ဖြစ်ပြီး ဒေါ်လာ ၁၀၀ဘီလီယံ ဖြစ်နိုင်စရာရှိကြောင်း၊ ငွေကြေးပမာဏများပြားကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဘုရှ်နှင့် အခြားအစိုးရအဖွဲ့ အရာရှိများက စပ်ဆိုင်မှုရှိသည့် အကြောင်းများကို ပေးရန် ငြင်းဆိုကြပြီး အလွန်ခန့်မှန်းမရကြောင်း ပြောဆိုကြသည်။

ထိုသို့ ပြောဆိုခြင်းကြောင့် ရီပတ်ဘလီကန်နှင့် ဒီမိုကရက်တစ် ပါတီနှစ်ရပ်စလုံး၏ အမတ်များကို ဒေါသထွက်စေခဲ့သည်။

ကွန်ဂရက်က ကုန်ကျစရိတ်အလွန်များသည်ဟု ပြောမည်ကို ၎င်းတို့စိုးရိမ် ကြောက်လန့်နေပုံ ရသည်ဟု မိမိထင်ကြောင်း ရီပတ်ဘလီကန်အမတ် ဂျင်မ်ကိုလ်ဘီက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

အီရတ်၌ အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြန်

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ကီလိုမီတာ ၆၀အကွာရှိ ဘာကူဘာ၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အမှတ်(၄) ခြေလျင်တပ်မမှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားအမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

သေဆုံး

မေ ၁ ရက်က အီရတ်ရှိ အဓိကစစ်ပွဲကြီးများ ပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတဂျော့ဘုရှ် ကြေညာခဲ့ပြီးနောက်ပိုင်း သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၇ ဦးအထိ ရှိပြီဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်ရှိ ဗြိတိန်သံရုံး အီရတ်တို့ လက်ပစ်ဗုံးဖြင့် တိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၁၃

ဘဂ္ဂဒက်ရှိ သိပ္ပံဘာသာရပ်များဆိုင်ရာ တက္ကသိုလ်နှင့် ဗြိတိန်သံရုံးတို့ကို အီရတ်တို့က လက်ပစ်ဗုံးနှင့် တိုက်ခိုက်ခဲ့သည်။ ယမန်နေ့ညက ဘာကူဘာရဲစခန်းအနီး တိုက်ခိုက်မှု၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကာ နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မကြာခဏဖြစ်ပွား

အီရတ်စစ်ပွဲပြီးဆုံးပြီး သုံးလကျော်ကြာသည်အထိ အီရတ်နိုင်ငံတွင် အခြေခံလိုအပ်ချက်များ မဖြည့်ဆည်းပေးနိုင်သည့်အတွက် အီရတ်ပြည်သူများ ဒေါသထွက်ကာ မြို့ကြီးများတွင် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။ ဘာကူဘာမြို့မှာ ဖြစ်ပွားသောဆန္ဒပြပွဲတွင် ဆက်ဒမ်ဟူစိန်အား ထောက်ခံသည့် ကြွေးကြော်သံများ အော်ဟစ်ခဲ့ကြသည်။ ယင်းဒေသ အနီးတစ်ဝိုက်သည် အမေရိကန် ဆန့်ကျင်ရေးတိုက်ပွဲများ မကြာခဏဖြစ်ပွားခဲ့သောဒေသဖြစ်ကြောင်း သိရသည်။

သေဆုံး

ဘဂ္ဂဒက်အနီး မသင်္ကာဖွယ် ကားတစ်စီးကို လိုက်လံဖမ်းဆီးရာမှ အမေရိကန်တပ်ဖွဲ့၏ လက်ချက်ကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရသည်။ ဘာဆာရာ၌ ဖြစ်ပွားသော ဆန့်ကျင်ဆန္ဒပြမှုတွင် အီရတ်လူမျိုးတစ်ဦးသေဆုံးပြီး ၁၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**

ဆန့်ကျင်ဆန္ဒပြ

အီရတ်နိုင်ငံ ဘာဆာရာမြို့တောင်ဘက်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ စစ်ကားများမောင်းနှင်လာစဉ် ဆန့်ကျင်ဆန္ဒပြနေသော အီရတ်လူငယ်များကို ဩဂုတ် ၁၁ရက်က တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ တူရကီတပ်ဖွဲ့ဝင်များစေလွှတ်မှု ဆန့်ကျင်ဆန္ဒပြ တူရကီဝန်ကြီးချုပ်၏သား လက်ထပ်ပွဲအခမ်းအနားအနီး ဗုံးပေါက်

အစ္စတန်ဘူ ဩဂုတ် ၁၂

တူရကီဝန်ကြီးချုပ်၏ သား မစ္စတာဘီလားလ်အာဒိုးဂျန်း (၂၂)နှစ်သည် မစ္စရေယန်းအူဇူးနား(၁၇)နှစ်နှင့် တနင်္ဂနွေနေ့ညနေပိုင်းတွင် ထိမ်းမြားလက်ထပ်လိုက်ကြသည်။

တူရကီဝန်ကြီးချုပ် ရီဆက်တာယက်ပ်အာရိုးဂျန်း၏ မိတ်ဆွေဖြစ်သူ အီတလီဝန်ကြီးချုပ် ဆီလ်ဗီယိုဘာလူစကွန်နီက အဆိုပါလက်ထပ်ပွဲသို့ အသိသက်သေအဖြစ် တက်ရောက်ခဲ့သည်။

သို့ရာတွင် ထိုလက်ထပ်ပွဲသည် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြစ်ရမည့်အစား လက်ထပ်ပွဲမကျင်းပမီကလေးတွင် နိုင်ငံရေးပါတီတစ်ခု၏ ရုံးအပြင်ဘက်၌ ဗုံးဖောက်ခွဲမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ အခြားဗုံးနှစ်လုံးကိုလည်း မင်္ဂလာခန်းမအနီးအနား၌ ပညာရှင်များက ဖောက်ခွဲပစ်လိုက်သည်။

ပျက်စီးဆုံးရှုံးမှုနှင့် ဒဏ်ရာရမှုသတင်း မရရှိသည့်အပြင် လက်ထပ်ပွဲနှင့် ဆက်စပ်မှု ရှိမရှိလည်း သဲသဲကွဲကွဲ မသိရသေးဘဲ ဖြစ်နေသည်။ သို့ရာတွင် လက်ဝဲပါတီငယ်တစ်ခုမှ ဆန္ဒပြသမား ၁၀၀ခန့်တို့က မင်္ဂလာအခမ်းအနားဆီချီတက်လာပြီး အီရတ်နိုင်ငံသို့ တူရကီနိုင်ငံက တပ်ဖွဲ့ဝင်များ စေလွှတ်မည့်အစီအစဉ်ကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

အာရိုးဂျန်း၊ ခင်ဗျားသားကို အီရတ်ကို လွှတ်ပါတော့လားဟု ဆန္ဒပြသမားများက ကြွေးကြော်အော်ဟစ် ပြောဆိုကြသည်။ တူရကီရဲတပ်ဖွဲ့ဝင်များက အဆိုပါ ဆန္ဒပြသူများကို မျက်ရည်ယိုဗုံးများ၊ နံပါတ်တုတ်များဖြင့် လူစုခွဲခဲ့ကြသည်။ ဆန္ဒပြသူဒါဇင်များစွာကိုလည်း ဖမ်းဆီးထိန်းသိမ်းလိုက်သည်။

မင်္ဂလာဧည့်ခံပွဲတက်ရောက်လာသည့် ပရိသတ် ၁၀၀၀၀ ခန့်အနက် တချို့မှာ ဝမ်းသာမျက်ရည် မဟုတ်သည့် ရဲတပ်ဖွဲ့ မျက်ရည်ယိုဗုံးဒဏ်ကြောင့် မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ကြရသည်။ သတို့သားမှာ ဟားဗတ်တက္ကသိုလ်ကျောင်းသားဖြစ်ပြီး ဇနီးမှာ အထက်တန်းကျောင်းသူ ဖြစ်သည်ဟု သိရသည်။ **(၁၂-၈-၂၀၀၃ ရက်ထုတ် စထရိတ်တိုင်းမ်မှ)**

ဗြိတိန်နိုင်ငံတွင် အပူချိန်မြင့်တက်ပြီး မိုးကြိုးမုန်တိုင်းများကျ

လန်ဒန် ဩဂုတ် ၁၁

ဗြိတိန်နိုင်ငံတွင် တနင်္ဂနွေနေ့က အပူချိန်သည် ၃၇ဒသမ ၉ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ခဲ့သောကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၁၃၀ခန့်မှ စသောမှတ်တမ်းများအရ ၎င်းနေ့သည် အပူဆုံးနေ့တစ်နေ့ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ အမ်အီးတီဌာနက ကြေညာသည်။

၁၉၉၀ ပြည့်နှစ် ချယ်တန်ဟမ်မြို့၏ ယခင်က မှတ်တမ်းတင်ခဲ့သော အပူချိန် ၃၇ ဒသမ ၁ ဒီဂရီစင်တီဂရိတ်နှင့်နှိုင်းယှဉ်၍ လန်ဒန်အနောက်ဘက်ရှိ ဟိသရိုးလေဆိပ်က ၎င်းမှတ်တမ်းအား အပူဆုံးနေ့အဖြစ် စာရင်းရေးသွင်းခဲ့သည်။ ၎င်းအပူချိန်ကြောင့် ပြင်းထန်သောမိုးကြိုးမုန်တိုင်းများဖြစ်ပေါ်ခဲ့သည့်အတွက် အင်္ဂလန်မြောက်ပိုင်း နှင့် အလယ်ပိုင်းဒေသများတွင် လျှပ်စီးများလက်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ တနင်္ဂနွေနေ့က ဘာမင်ဂမ်မြို့လိုင်ရှုရာ၌ လူ ၁၄ ဦးဒဏ်ရာရရှိခဲ့သည်။ တခြားသူများသည် မိုးကြိုးပစ်ခံရသောကြောင့် လောင်ကျွမ်းမှုနှင့် မျက်စိတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သောကြောင့် ဆေးဝါးကုသမှုခံယူနေရစဉ် အမျိုးသမီးတစ်ဦးသည် မိုးကြိုးတိုက်ရိုက် ထိခိုက်ခံရသဖြင့် နှလုံးဖောက်သွားခဲ့သည်။ အဆက်မပြတ်ရွာသွန်းသောမိုးကြောင့် အချို့နေရာများတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နိုင်ကြောင်း အမ်အီးတီဌာနက သတိပေးနှိုးဆော်ထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယနှင့် ပါကစ္စတန် တရားဝင်ဗီဇာ လဲလှယ်မည်

နယူးဒေလီ ဩဂုတ် ၁၂

အိန္ဒိယနှင့်ပါကစ္စတန်နိုင်ငံတို့ အပြန်အလှန်ဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်မှုအဖြစ် တရားဝင်ဗီဇာ လဲလှယ်မှုစာချုပ်တစ်ရပ်ကို တနင်္လာနေ့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း အိန္ဒိယသတင်းဌာန(ပီတီအိုင်)က သတင်းထုတ်ပြန်သည်။

အဆိုပါဗီဇာလဲလှယ်မှုသည် အိန္ဒိယနိုင်ငံမှ အစိုးရလုပ်ငန်းဌာန ၁၉ ခုနှင့် ပါကစ္စတန်မှ လုပ်ငန်းဌာန ၁၇ တို့အား ဗီဇာလဲလှယ်ခွင့်ပေးမည်ဖြစ်ပြီး ယင်းကဲ့သို့ ဆောင်ရွက်မှုကြောင့် ၎င်းလုပ်ငန်းဌာနများမှ ကိုယ်စားလှယ်အဖွဲ့များအတွက် အနာဂတ်ကာလတွင် စွမ်းဆောင်မှုများ တိုးပွားလာစေရန် ဖြစ်သည်။

နှစ်ဦးနှစ်ဖက်မှ ကိုယ်စားလှယ်အဖွဲ့များသည် အစ္စလမ္မာဘတ်နှင့် နယူးဒေလီတို့တွင် ၎င်းတို့၏အခန်းကဏ္ဍများ ပြန်လည်ရရှိမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းဆိုင်ရာကိုယ်စားလှယ်အဖွဲ့များကို ၄၇ ခုထိတိုးတက်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပီတီအိုင်သတင်းဌာနက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဝိပဿနာတရားပွဲ

ရန်ကုန် ဩဂုတ် ၁၃

မဟာစည် နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ရွှေမြန်မာဆရာတော်သည် ၁၃၆၅ ခုနှစ် တော်သလင်းလဆန်း ၁၂၊၁၃၊၁၄ရက်၊ တော်သလင်းလပြည့်ကျော် ၁၊၂၊၃၊၄ရက်၊ သီတင်းကျွတ်လဆန်း ၁၊၂၊၃၊၄ ရက်နေ့များတွင် ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဗိုလ်မင်းရောင်လမ်း၊၄၈ ရပ်ကွက်၊ မဟာစည်ဩဝါဒခံ စိန်စည်သာသနာ့ရိပ်သာ သာသနာ့သောဘိနီ သိမ်တော်ကြီး၌ မွန်းလွဲ ၂ နာရီတွင် ဝိပဿနာရှုနည်း၊ မှတ်နည်းတရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား

လိုအပ်သည်များ မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တာဝန်ရှိသူများ ပဲခူးတိုင်းအတွင်း မိုးစပါးစိုက်ကွက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။
(သတင်းစဉ်)

■ *လယ်ယာကဏ္ဍမှ*

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၈နာရီခွဲတွင် ဒိုက်ဦးမြို့သို့ ရောက်ရှိကြ၍ ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒိုက်ဦးမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေး၊ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းဝင်သီးနှံ ၁၀ မျိုးအနက် မိမိတို့ဒေသနှင့်ကိုက်ညီဖြစ်ထွန်းသည့် သီးနှံများကို စီမံကိန်း ရည်မှန်းချက် ပြည့်မီ ကျော်လွန်အောင် တိုးတက်စိုက်ပျိုးရေး၊ စိုက်ပျိုးသီးနှံများ သတ်မှတ်ထားသည့် အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ဒေသအတွင်း သီးနှံအမယ်သစ်(အမည်သစ်) ဖြစ်သည့် ငရုတ်ကောင်းသီးနှံ တိုးချဲ့စိုက်ပျိုးရေး၊ နှစ်ရှည်ပင်သီးနှံသုံးမျိုးအနက် လက်ရှိစိုက်ပျိုးရှင်သန်လျက်ရှိသည့် သစ်ဆိမ့်ပင်များ တိုးချဲ့စိုက်ပျိုးရေး၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သီးနှံစိုက်ပျိုးမှုမဖြစ်ထွန်းသည့် မြေများတွင် ငါးမွေးမြူရေးကန်များ တူးဖော်မွေးမြူရန်နှင့် ဒေသနှင့်ကိုက်ညီသည့် ဒေသကြက်များနှင့် ဘဲများတိုးချဲ့ မွေးမြူရေး၊ စီးပွားရေးအောင်မြင်ဖြစ်ထွန်းလာသည်နှင့်အညီ ဒေသနေ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်း သာယာရေးတို့ကို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မင်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဒိုက်ဦးမြို့နယ်သို့ ရောက်ရှိပြီး ကတုတ်ရွာမအနီး ကွင်းအမှတ် ၄၇၃ ၌ ဒိုက်ဦးမြို့နယ်၏ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါး မျိုးသန့်စံပြစိုက်ကွက်နှင့် စမ်းသပ်ကွက် ဧက ၁၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှု စစ်ဆေးရာ ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမောင်နှင့် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့များက စမ်းသပ်ကွက်နှင့်စံပြကွက်များ အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မျိုးသန့် ဧက ၁၀၀ စမ်းသပ်ကွက်များတွင် ဒိုက်ဦးမြို့နယ်မှ တောင်သူဦးကြီး ၁၄ ဦး တို့က မျိုး၊လက်ဆ၊ ကောက်ကွက်၊ EM စမ်းသပ်ကွက်၊ Organic Metter စမ်းသပ်ကွက်၊ Azollaသုံးစမ်းသပ်ကွက်များကို လယ်ကွက် တစ်ကွက်ချင်းအလိုက် နည်းပညာအမျိုးမျိုးဖြင့် ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးလျက်ရှိပြီး အထွက်နှုန်းကို တိုင်းတာကာ လာမည့် မိုးစပါး ရာသီတွင် ယခုနှစ် စမ်းသပ်ကွက်များမှ တွေ့ရှိသော အထွက်အကောင်းဆုံးနည်းစနစ်၊ မျိုးများကို စိုက်ပျိုးသွားကြမည်ဖြစ်သည်။

ဒိုက်ဦးမြို့နယ်တစ်ခုလုံးအနေဖြင့် ၂၀၀၃-၂၀၀၄ခုနှစ် မိုးစပါးရာသီတွင် ဧက ၁၃၃၆၃၀ စိုက်ပျိုးရန် ရည်မှန်းထားရာ ဩဂုတ်၁၁ရက်အထိ ဧက ၁၁၈၀၆၀ စိုက်ပျိုးနိုင်သဖြင့် ရာနှုန်းအားဖြင့် ၈၈ ဒသမ ၃၄ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် လျာထားချက် ပြည့်မီကျော်လွန်ရေး ကြိုးပမ်း စိုက်ပျိုး သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မွန်းတည့်၁၂နာရီတွင် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ပြုပြင်ဖောက်လုပ်ရေး စီမံကိန်း၊ ပဲခူး-ညောင်လေးပင်လမ်းပိုင်းအား ဆောင်ရွက်လျက်ရှိသော ရွှေသံလွင် ဟိုင်းဝေးကုမ္ပဏီလီမိတက်၏ စီမံကိန်း ရှင်းလင်းဆောင်တွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိုးရာသီတွင် ရေကြီးရေလျှံမိုးမှုများကြောင့် လမ်းပိုင်းများ မပျက်စီးအောင် ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးသည် နိုင်ငံတော်အတွက် ဘက်စုံအရေးပါသော လမ်းမကြီးဖြစ်သည်နှင့် အညီ လမ်းပိုမို တိုးတက် ကောင်းမွန်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် ပဲခူးမြို့သို့ရောက်ရှိကြပြီး အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး ခင်မောင်ဝင်း၊ ပဲခူးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မင်းနှင့်တိုင်း၊ ခရိုင်တို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာပဲခူးခရိုင်သနပ်ပင်မြို့နယ် ပဲခူး-သနပ်ပင် ကားလမ်းနံဘေး အောက်စုကျေးရွာ၌ သနပ်ပင်မြို့နယ်၏ မိုးစပါး ဧက ၁၀၀ စံပြစိုက်ကွက်များတွင် မြို့နယ်အတွင်းရှိ တောင်သူဦးကြီးများ၏ မျိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှု စစ်ဆေး၍ မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းနှင့် ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များက ရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်ချက်များကို မှာကြားသည်။

သနပ်ပင်မြို့နယ်၌ ၂၀၀၃-၂၀၀၄ ခုနှစ် မိုးစပါးရာသီတွင် ရေတော်မိုးတော် ၈၂၀၀၆ ဧက၊ ရေကြီးကွင်း ရေနက်ကွင်း ၆၄၈၉၄ ဧက၊ သဲဆန်ကုန်းကြော ၃၆၅ ဧက၊ ရေကျနောက်စိုက် ၇၄၃၅ ဧက စုစုပေါင်းဧက ၁၆၄၇၀၀ စိုက်ပျိုးရန်လျာထားသတ်မှတ်ထားရာ ၂၀၀၃ ခုနှစ် ဩဂုတ် ၁၁ ရက်အထိ ၁၅၃၈၀၉ ဧက စိုက်ပျိုးပြီးဖြစ်သည်။ ထို့အပြင် မြို့နယ် အတွင်း အထူးဇုန်များ၌ မိုးစပါး ဧက ၅၀၁၀ ကိုလည်း ရာနှုန်းပြည့် စိုက်ပျိုးပြီးကြောင်းသိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် သနပ်ပင်မြို့နယ်သို့ ရောက်ရှိကြပြီး သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ သနပ်ပင်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ ကို မှာကြားသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကား ပြောကြားရာတွင် ပဲခူးတိုင်း သနပ်ပင်မြို့သည် စိုက်ပျိုး ရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခြေအနေပေးသော မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ဆန်စပါး အပါအဝင် ပဲမျိုးစုံသည် မြန်မာ လူမျိုးများ၏ အဓိက စားသုံးကုန်ဖြစ်သဖြင့် ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံ ရေးအပြင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး အထောက်အကူပြုစေရန် မြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများက တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းဆောင်ရွက်ပေးရန် မှာကြား လိုကြောင်း၊ ထို့ပြင် ဒေသရေမြေ သဘာဝနှင့်ကိုက်ညီသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့် စိုက်ပျိုးမွေးမြူသွားကြရန်နှင့် နိုင်ငံ တော်က သတ်မှတ်ထားသော အထွက် နှုန်း စံချိန်များအတိုင်း ရောက်ရှိရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း နိုင်ငံတော်က ပဲခူးတိုင်း အတွင်းရှိ တောင်သူဦးကြီးများ စိုက် ပျိုးရေးလုပ်ငန်းများကို စိတ်အေးချမ်း သာစွာ လုပ်ကိုင်နိုင်ရန် ဆည်တမံ ကြီးများကို ပဲခူးတိုင်းအတွင်း တည် ဆောက်ပေးခဲ့ပြီးဖြစ်သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း၊ တောင်သူလယ် သမားများအနေဖြင့် နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး အထွက် နှုန်းများ တိုးတက်အောင်ဆောင်ရွက် ကြရန်နှင့် သက်ဆိုင်ရာ ဒေသအာဏာ ပိုင်များကလည်း အားပေးကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း၊ တာဝန် ရှိသူများအနေဖြင့် မြို့နယ်၏လိုအပ် သောမျိုး၊နည်းပညာများကို တောင်သူ ဦးကြီးတို့၏ လက်ဝယ်အရောက်ဖြန့် ဖြူးပေးကြပြီး တောင်သူဦးကြီးများ အပိုင်းက သိပ္ပံနည်းကျစွာဖြင့် စနစ် တကျစိုက်ပျိုးကြရန်နှင့် တိုင်းအတွင်း စံပြဖြစ်အောင် ဆောင်ရွက်ကြရန်မှာ ကြားလိုကြောင်း၊ နိုင်ငံတော်အကြီး အကဲက ပဲခူးတိုင်း၌ စပါးဧက သိန်း ၃၀ အထိတိုးချဲ့စိုက်ပျိုးရန် လမ်း ညွှန်မှာကြားထားကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှာကြားချက် နှင့်အညီ သားစဉ်မြေးဆက် စားသုံး နိုင်ရန်အတွက် ယခုကတည်းက ကြိုတင်တွက်ဆမျှော်တွေးလုပ်ကိုင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သား ငါးမွေးမြူရေးကဏ္ဍအနေဖြင့် ဘဲမွေး မြူရေးတွင် ပဲခူးတိုင်းသည် ထိပ်တန်း ၌ ရှိနေကြောင်း၊ ထို့ကြောင့် ဘဲမွေး မြူရေးကို ယခုထက်တိုးချဲ့မွေးမြူရေး မှာကြားလိုကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြို့နယ် နေပြည်သူများအနေဖြင့် ရပ်ကွက်၊ ကျေးရွာအဆင့်ဆင့်အလိုက် ကြီးကြပ် ကြပ်မတ်ကာ တာဝန်သိသိသစွာ ရှိရှိဖြင့် အဖျက်အမှောင့် အန္တရာယ်များ မကျရောက်အောင် တားဆီးကာကွယ် ရေးစသည်ဖြင့် အကျယ်တဝင့် ရှင်း လင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာ ကြသော ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်သနပ်ပင်- ကဝ ကားလမ်းအတိုင်း မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ လာရာ ကဝမြို့သို့ရောက်ရှိပြီး ကဝမြို့ အဝင် ရပ်ကွက်(၁)ရှိ လယ်သမား၂၇ဦး တို့၏ လယ်မြေဧက၁၀၀တွင် အထွက် ကောင်းမျိုး မနောသုခဧက၈၀၊ အဆင့်မြင့်စပါး ဥသာမွေးဧက ၂၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေး သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်သည် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်နေသည်ဖြစ်ရာ ကဝမြို့နယ်အပါအဝင် ပဲခူးခရိုင် အတွင်းရှိ မြို့နယ်များအနေဖြင့် သက် ဆိုင်ရာ ဝန်ကြီးဌာန၏ အကြံဉာဏ် ကိုရယူကာ အင်တိုက်အားတိုက် ကြိုး ပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာ ကြားလိုကြောင်း။

ထိုကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ရင်း တစ် ဖက်ကလည်း မိမိဒေသအတွင်း တရား ဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်း သာယာရေးတို့ကို ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ဖြင့် မှာကြားသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ညနေ ၅နာရီခွဲတွင် ကဝမြို့မှ ခရမ်း-သုံးခွ ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာ ခဲ့ကြရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေ မဒေါက်မြို့စိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၃

စစ်တောင်းမြစ်ရေသည် ယနေ့ နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၉၀ စင်တီမီတာ သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ် ရေမှတ် ၁၀၇၀ စင်တီမီတာအထက် တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန် ကြေညာ သည်။

Student's Guide Physics ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တက္ကသိုလ် ဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)များက စီစဉ်ရေးသားသည့် Student's Guideဘာသာစုံ သင်ရိုးကုန်စာစောင်များကို တစ်ဘာသာချင်းအလိုက် နှစ်စဉ်ထုတ်ဝေ ဖြန့်ချိလျက်ရှိရာ ယခု ၂၀၀၃-၂၀၀၄ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း(ဒသမတန်း)ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ရူပဗေဒဘာသာရပ် သင်ရိုးကုန်စာအုပ်ကိုထုတ်ဝေ ဖြန့်ချိလိုက်သည်။

ဦးမင်းဦး၊ ဌာနမှူး(သင်တန်းရေးရာ)၊ ဘွဲ့နှင်းသဘင် အဆောက်အအုံ၊ ရန်ကုန်တက္ကသိုလ်၊ ဖုန်း- ၅၃၆၅၀၃ နှင့် ဆက်သွယ်၍ ဝယ်ယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ကညွတ်ကွင်းမြို့ ကိုးခန်းသာသနာ့ဗိမာန်၌ ကျင်းပသည့် ဖြူးမြို့နှင့် ကညွတ်ကွင်းမြို့တို့မှ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲတွင် ရွာလယ်ကျောင်းဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

▼ ***နိုင်ငံတော်မှ***

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူးလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ပဲခူးမြို့မှ ဆက်လက်ထွက်ခွာကြပြီး ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်၊ ဖြူးမြို့နယ် တစ်လျှောက် ရန်ကုန်–မန္တလေး ကားလမ်းမကြီး ဘေးဝဲယာ၌ မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်–မန္တလေးလမ်းမကြီးကိုအဆင့်မြှင့် ပြုပြင်မွမ်းမံထားသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့သို့ ရောက်ရှိကြရာ ပဲခူးတိုင်းမှ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွတ်ကွင်းမြို့ ငါးထပ်ကြီးဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ကိုးခန်းသာသနာ့ဗိမာန်၌ ကျင်းပသည့် ဖြူးမြို့နှင့် ကညွတ်ကွင်းမြို့တို့မှ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားသို့ ဖြူးမြို့နှင့် ကညွတ်ကွင်းမြို့တို့ရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကညွတ်ကွင်းမြို့ ရွာလယ်ကျောင်းဆရာတော် ဘဒ္ဒန္တ သီလစာရ(ဓမ္မာစရိယ)ထံမှငါးပါးသီလခံယူ ဆောက်တည်ကြကာ ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ရွာလယ်ကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများသည် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွာလယ်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် သက်ကြီးအဘိုးအဘွားများအား ဂါရဝပြုကန်တော့ပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကိုးခန်းသာသနာ့ဗိမာန်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံရာ ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်တည်ဆောက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက် အကောင်အထည်ဖော်မှုများကို ရှင်းလင်းပြောကြားသည်။

အကောင်အထည်ဖော်နိုင်ခဲ့

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်အကောင်အထည်ဖော်ရာ၌ မိမိတို့နိုင်ငံ၏ သယံဇာတအရင်းအမြစ်များကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တက်ညီလက်ညီ ပူးပေါင်း၍ အပြည့်အဝဖော်ထုတ် အသုံးချနိုင်အောင် ကြိုးစားစီမံလျက်ရှိကြောင်း။

နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို တစ်ပြိုင်တည်း ပြုပြင်တည်ဆောက်နေရာ မည်သည့်ပြည်ပအကူအညီအထောက်အပံ့ကိုမျှ မျှော်ကိုးနေ၍မဖြစ်ဘဲ မိမိနိုင်ငံ၏ ပြည်တွင်းအင်အားကိုသာ အားကိုးအားထားပြု၍ အခက်အခဲများကို ကျော်လွှားပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးစားတည်ဆောက်နေရခြင်းဖြစ်ကြောင်း။

ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မည်ဖြစ်၍ ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုရရှိလာအောင် အလေးထားဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတော်၌ ယနေ့အထိ တည်ဆောက်အကောင်အထည်ဖော်နိုင်ခဲ့သော အောင်မြင်မှု အသီးအပွင့်များသည် နိုင်ငံတော် တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး အစိုးရနှင့်အတူ ဝန်ထမ်းများ၊ ပြည်သူများ ညီညီညွတ်ညွတ် ပူးပေါင်း အကောင်အထည်ဖော်နိုင်ခဲ့၍ဖြစ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံအပေါ်၊ မိမိတို့ နိုင်ငံသူနိုင်ငံသားပြည်သူများအပေါ် ဆင်းရဲဒုက္ခများ ဖိစီးရောက်စေရေးအတွက် နိုင်ငံကြီးအချို့က ပြည်သူ့အကျိုးစီးပွားကို မလိုလားသည့် အချို့အဖွဲ့များနှင့် အချိတ်အဆက်လုပ်၍ အစီအမံရှိရှိ ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေးတို့အတွက် ရရှိထားပြီးသော အောင်မြင်မှုအရှိန်အဟုန်များအပေါ်အခြေခံ၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကညွတ်ကွင်းမြို့ရှိ လူမှုရေးအသင်းအဖွဲ့များအား လိုအပ်သော ထောက်ပံ့ငွေများနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွတ်ကွင်းမြို့ ဈေးတောင်ရပ်ကွက်ရှိ လောကပြတင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် လောကပြတင်းစာကြည့်တိုက်အတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် စာကြည့်တိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွတ်ကွင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်စိုးနှင့် ဆရာဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စာသင်နေမှုများ၊ စာသင်ဆောင်များနှင့် သိပ္ပံဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာဆရာမများအား တွေ့ဆုံရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အတန်းလိုက်သတ်မှတ်ပြဋ္ဌာန်းဘာသာရပ်များ ပြည့်စုံစွာ သင်ကြားနိုင်ရေးအတွက် ဆောင်ရွက်သင့်သည်များကို ရှင်းလင်းပြောကြားသည်။

စေတနာထားသင်ကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသည့် ကျောင်းသားကျောင်းသူများ ပေါ်ထွန်းလာရေးအတွက် ဆရာ ဆရာမများအနေဖြင့် စေတနာထားသင်ကြားပေးကြရန် မှာကြားပြီး ကျောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကညွတ်ကွင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား နှုတ်ဆက်အားပေးကြသည်။

ဆက်လက်၍ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးသည် ကညွတ်ကွင်းတိုက်နယ်ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို တိုက်နယ်ဆရာဝန်အားပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကညွတ်ကွင်းမြို့ ဒေသခံတပ်ရင်းသို့ သွားရောက်ပြီး စုပေါင်းရိပ်သာ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား မှာကြားနှုတ်ဆက်သည်။

တွေ့ဆုံမှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် မွန်းလွဲပိုင်းတွင် ဖြူးမြို့ ဒေသခံ တပ်ရင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအားတွေ့ဆုံမှာကြားနှုတ်ဆက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ဖြူးမြို့ စည်ပင်သာယာခန်းမ၌ ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ခင်နှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမဆောင်၌ တောင်ငူတပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ခြမ်း)ဖွံ့ဖြိုးတိုးတက်ရေးမြင်ကွင်းများ

စီးပွားကူးသန်း ရှေ့သို့လှမ်း

တာဝန်ရှိသူများက မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ မြို့ရွာဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးက ကျန်းမာရေးကိစ္စများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ခေါင်းဆောင်၍ ပဲခူးတိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်ရန် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ ပါဝင်သောအဖွဲ့ ဖြူးမြို့သို့ စတင်ရောက်ရှိလာပုံ၊ တပ်မတော်က နိုင်ငံတော်၏ တာဝန်များကို ရယူပြီးနောက် ပြည်နယ်၊ တိုင်း ဒေသအသီးသီး တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေ စိုးမိုးအောင်၊ စိုက်ပျိုးရေး၊မွေးမြူရေး၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး စသည်ဖြင့် ကဏ္ဍအလိုက် ဘက်စုံထောင့်စုံက ဖွံ့ဖြိုး တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပုံတို့ကို ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မှတာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ မြို့စည်ပင်သာယာဖွံ့ဖြိုးတိုးတက်ရေး အကောင်ထည်ဖော် ဆောင်ရွက်ချက်များနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဒုတိယဝန်ကြီးများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဖြူးမြို့နယ်မှ လူမှုရေးအသင်း အဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

အားထုတ်ကြိုးပမ်းသွားမည်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးတစ်ရပ်လုံး ကွက်လပ်မကျန် မျှမျှတတဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများချမှတ်၍ ဖိဖိစီးစီးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အစိုးရအဖွဲ့၏ တာဝန်ဝတ္တရားများအရသာမက တိုင်းပြည်နှင့်လူမျိုးအတွက် ဖြူစင်မွန်မြတ်သော စေတနာဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနေဖြင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို မျက်ခြည်ပြတ် မခံဘဲလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိဘသည်သားသမီးကောင်းစားသည်ကို မြင်လိုသကဲ့သို့ နိုင်ငံတော်အစိုးရသည်လည်း ပြည်သူများ တိုးတက်ကြီးပွား ကောင်းစားရေးကိုသာ မြင်လိုပါကြောင်း၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမြဲတမ်း အားထုတ်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့် နိုင်ငံတော်နှင့်အတူ လက်တွဲ၍ ကြိုးပမ်းကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးနွဲ့နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းခန်းမ၌ ဆရာဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်မှာကြားကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ဖြူးမြို့သို့ ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းသည် ဖြူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနာများအား ကြည့်ရှုအားပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ညနေ ၅နာရီ မိနစ် ၂၀ တွင် ဖြူးမြို့မှ အုတ်တွင်းမြို့ကန်ကလေးတောရကျောင်းတိုက်သို့ ရောက်ရှိကြရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရ မောင်နီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁



ပသိရေလှောင်တမံ

ပဲခူးတိုင်း အရှေ့ပိုင်း တောင်ငူမြို့နယ်ရှိ ပသိရေလှောင်တမံ။

ရဲနွယ်တံတားသည်ပဲခူးတိုင်း ပြွန်တံဆာမြို့အနီး ရဲနွယ်ချောင်းကို ဖြတ်ကျော် တည်ဆောက်ထားသော အရှည်ပေ ၃၆၀ ရှိ တံတားဖြစ်သည်။ ရန်ကုန်-မန္တလေးလမ်း(ပဲခူးတိုင်းအပိုင်း)တွင် တည်ရှိသည်။

မဇင်းရေလှောင်တမံ

ပဲခူးတိုင်း ပဲခူးမြို့နယ်ရှိ မဇင်းချောင်းပေါ်တွင် တည်ဆောက်ထားသောမဇင်းရေလှောင်တမံကို တွေ့ရစဉ်။



ပဲခူးတိုင်း တောင်ငူမြို့နယ်ရှိ ကမ်းနီရေလှောင်တမံကို တွေ့ရစဉ်။

သံကူကွန်ကရစ်ရေမြောင်းကူးတံတား ဆောင်ရွက်ပြီးစီး

ရန်ကုန် ဩဂုတ် ၁၃

မြန်အောင်မြို့ အမှတ်(၂)ရပ်ကွက်ဆေးရုံ-တဲကြီးကုန်းလမ်းဆုံ ခုံးပေါက်ကို သံကူကွန်ကရစ် ရေမြောင်းကူးတံတားအဖြစ် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇူလိုင် ၇ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုက ကြီးကြပ်ဆောင်ရွက်လျက်ရှိခဲ့ရာ ယခုအခါပြီးစီးသွားပြီဖြစ်သည်။ အဆိုပါသံကူကွန်ကရစ် ရေမြောင်းကူးတံတားကို ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ခွင့်ပြုရန်ပုံငွေကျပ်၄၁၀၀၀၀ အကုန်ကျခံ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

သားငါးပွံ့ဖြိုး ပြည့်အကျိုး

အမှန်ကို မြင်နိုင်ကြပါစေ

ထွန်းဟန်ဆွေ

မြန်မာနိုင်ငံ၏ ပထဝီဝင်နိုင်ငံရေး အနေအထားအရ ကမ္ဘာတွင် လူဦးရေအများဆုံးဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်မြေချင်း ဆက်စပ်နေခြင်း၊ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့၏ အကြားတွင် တည်ရှိနေခြင်း၊ သယံဇာတများ ပေါများကြွယ်ဝခြင်း၊ ကုန်းတွင်းပိတ်နိုင်ငံမဟုတ်ဘဲ ရှည်လျားကျယ်ပြန့်သည့် ပိုင်နက်ရေပြင်ရှိနေခြင်းတို့သည် ကမ္ဘာတွင် ဗိုလ်ကျစိုးမိုးလိုသူများအတွက် အထူးလွှမ်းမိုးချုပ်ကိုင် ခြယ်လှယ်လိုသော နိုင်ငံတစ်နိုင်ငံ ဖြစ်နေသည်နှင့်အညီ ၎င်းတို့လွှမ်းမိုး ချုပ်ကိုင်နိုင်သော အစိုးရမျိုးပေါ်ထွက်လာနိုင်ရေးအတွက် အပတ်တကုတ် အားထုတ်ကြိုးပမ်းလုပ်ဆောင်နေလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

ဗိုလ်ကျစိုးမိုး ခြယ်လှယ်လိုသူများ၏ ကမ္ဘာတွင် လုပ်ဆောင်နေကျ လုပ်နည်းလုပ်ဟန်များကို လေ့လာသုံးသပ်ကြည့်သော် ၎င်းတို့ လက်ကိုင်တုတ်အဖြစ် အသုံးချ၍ ရနိုင်မည့်သူများကို နိုဘယ်လ်ဆုအပါအဝင် ဆုမျိုးစုံကို ဒေါ်လာအမြောက်အမြားနှင့်အတူ ရရှိအောင်ဆောင်ရွက်ပေးခြင်း၊ ဥပဒေကို ချိုးဖောက်၍ အမှုကြီးငယ်များနှင့် ရင်ဆိုင်နေရပြီး ထွက်ပြေးတိမ်းရှောင်လာသူများ၊ ဝါဒကွဲပြားသူများ၊ ကိုယ်ရေးကိုယ်တာကြောင့် နာကြည်းနေသူများကို ပြည်ပြေးများအဖြစ်နည်းမျိုးစုံဖြင့် အကူအညီပေး၍ မွေးမြူအသုံးချခြင်း၊ ပစ်မှတ်နိုင်ငံရှိ သောင်းကျန်းသူများ၊ အတိုက်အခံများကို ပြောင်ပြောင်တင်းတင်းဖြင့်တစ်မျိုး၊ လျှို့ဝှက်၍တစ်ဖုံ အကြောင်းမျိုးစုံပြပြီး ငွေကြေးလက်နက်များအပါအဝင် အထောက်အကူမျိုးစုံပေးခြင်း၊ သတင်းနည်းပညာအသာစီးရမှုကိုအသုံးပြုပြီး ရုပ်မြင်သံကြား၊ အသံလွှင့်ဌာန၊ သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်စသည်တို့မှ လုပ်ကြံသတင်းများ၊ အဆိုးမြင်ဝါဒီတို့၏ တစ်ဖက်သတ် အစွန်းရောက်အမြင်များနှင့် တွေ့ဆုံဆွေးနွေးခန်းများ၊ တကယ့်ဖြစ်ရပ်မှန်အသွင်ဖြင့် လုပ်ကြံဇာတ်လမ်းများ စသည်တို့ကို လွှင့်ထုတ်ရေးသား ဝါဒဖြန့်ချိပေးခြင်း၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဇန်းပြ၍ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ စီးပွားရေးအရ ပိတ်ပင်တားမြစ်အရေးယူခြင်းနှင့် စစ်ရေးဖြင့် ဝင်ရောက်စွက်ဖက်ခြင်း စသည်တို့ကို တွေ့ရပါသည်။ မြန်မာနိုင်ငံကိုလည်း အဆိုပါ လုပ်နည်းလုပ်ဟန်အတိုင်း ဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိသည်ကို ၈၈ခုနှစ် အရေးအခင်းနှင့် မျက်မှောက်စွက်ဖက်မှု အခြေအနေအရ သိသာထင်ရှားစွာ မြင်နိုင်ပါသည်။

ထိုသို့သော လုပ်နည်းလုပ်ဟန်အတိုင်း ဆောင်ရွက်ခဲ့မှုကြောင့် ၈၈ခုနှစ် အရေးအခင်းကြီး ဖြစ်ပေါ်လာခဲ့ရကာ နိုင်ငံသည်လည်း ပြိုကွဲလုနီးပါး ဖြစ်ပေါ်ခဲ့ရပါသည်။ ပြည်သူအများမှာလည်း မင်းမဲ့အခြေအနေကြောင့် စိုးရိမ်ထိတ်လန့်တုန်လှုပ်ချောက်ချားခဲ့ရကာ အချို့သောအပြစ်မဲ့ ပြည်သူများသည် ခေါင်းဖြတ်အသတ်ခံရမှုနှင့်ပင် ကြုံတွေ့သွားခဲ့ရသည်ကို ခါးသီးသော ဘဝသင်ခန်းစာအဖြစ် မည်သူမျှ မေ့နိုင်ဦးမည်မထင်ပါ။

ယခုအချိန်အခါတွင် အလားတူဖြစ်ရပ်မျိုး ထပ်မံ၍ပေါ်ထွက်လာစေရန်အတွက် အသစ်တစ်ဖန် အချိန်ကိုက် ပြည်တွင်းပြည်ပအဖျက်သမားများအနေဖြင့် လုပ်ကြံဖန်တီးနေလျက်ရှိသည်ကို သတိမူရပါမည်။ တစ်ဖက်စွန်းရောက်အဆိုးမြင်ဝါဒီများ၏ လုပ်ဆောင်နေမှုများကိုလည်း အသိဉာဏ်ပညာဖြင့် ဆင်ခြင်ကြရပါမည်။ဗိုလ်ကျစိုးမိုးလိုသူများ၊ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ဖန်တီးလုပ်ဆောင်နေမှုများကို ယခင်ခံစားခဲ့ကြရဖူးသည့် ခါးသီးသော သင်ခန်းစာ အတွေ့အကြုံများဖြင့် ဆင်ခြင်၍ အမှန်တရားကို ရှုမြင်ကြကာ နားမယောင်ဖို့၊ ကြိုးဆွဲတိုင်း မကမိကြဖို့၊ နှစ်ကြိမ်နှစ်ခါ အညာမခံရမိစေဖို့ သတိကြီးစွာ ထားရှိကြရပါမည်။

နိုင်ငံရေးပါတီအားလုံး၊ ပြည်သူများအားလုံးတို့အနေဖြင့် လက်ရှိအစိုးရ၏ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်နေမှုများကို ပကတိရိုးသားသော အမြင်ဖြင့် မျက်မှန်စိမ်းမတပ်၊ မည်သည့်အရောင်မှမစွက်ဘဲ ရှုမြင်ကြရန်လိုပေသည်။ နိုင်ငံတော်စီးပွားတိုးတက်ရေးကို ဦးတည်ပြီး နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေးပါမကျန် မျှတစွာတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်နေမှု၊ နယ်စွန်နယ်ဖျားပါမကျန် တိုင်းနှင့် ပြည်နယ် အားလုံး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွက် မူငါးရပ်ကိုချမှတ်အကောင်အထည်ဖော်နေမှုများကို ပြည်ပမှတားဆီးပိတ်ပင်နေမှုနှင့် ပြည်ပမှအထောက်အကူရမှုမရှိဘဲ၊ သို့မဟုတ် အနည်းငယ်သော ထောက်ကူမှုဖြင့် ဆောင်ရွက်နေလျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်ကို မည်သူမျှမငြင်းနိုင်ပါ။ ဆည်မြောင်း တာတမံများ၊ လမ်းတံတားကြီးငယ်များ၊ အရှေ့၊ အနောက်၊ တောင်နှင့်မြောက် ကူးလူးဆက်သွယ်သွားလာနိုင်ရန် ကွန်ရက်သဖွယ် ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့တည်ဆောက်မှုများ၊ လေကြောင်းလမ်းများတိုးချဲ့နိုင်ရန် လေယာဉ်ကွင်းများတည်ဆောက်နေမှုများ၊ ကုန်ထုတ်စက်ရုံကြီးများ တည်ဆောက်နေမှုများ၊ ကျန်းမာရေး၊ပညာရေးတို့အတွက်ဆေးရုံများ၊ တက္ကသိုလ်များကို တိုင်းနှင့်ပြည်နယ်အလိုက် တိုးချဲ့ဖွင့်လှစ်နေမှုများမှာ အကြွားမဟုတ် လက်တွေ့ထင်ရှားစွာတွေ့မြင်နိုင်ပေမည်။ မြင်တတ်ရှုတတ်သူများအတွက် တံတားနှင့်ဆည်တမံကြီးများကို တစ်လလျှင်တစ်စင်း၊ တစ်ခုနှုန်းဖြင့် တည်ဆောက်ဖွင့်လှစ်လျက် ရှိသည်ကိုလည်း မြင်တွေ့နိုင်ပါသည်။ ဆောက်လုပ်ဆဲ၊ တည်ဆောက်ဆဲများလည်း အများအပြားရှိနေပါသည်။ တဲအိမ်မှသည် တိုက်ပေါ်ဆီသို့ရောက်ရှိအောင် ဆောင်ရွက်ပေးနေမှု၊ ခမ်းနားထည်ဝါသော ခေတ်မီအဆင့်မြင့်လူနေတိုက်တာ အဆောက်အအုံများ ပေါ်ထွက်ဖြစ်ထွန်းလာမှုများလည်း ဒုနှင့်ဒေးပင် မျက်မြင်တွေ့ရှိနေရပါသည်။ မြန်မာ့သမိုင်းတွင်အုပ်စိုးခဲ့ကြသော အစိုးရအဆက်ဆက်လက်ထက် တည်ဆောက်မှုများထက် ယခုအစိုးရလက်ထက် သက်တမ်းဆယ်နှစ်ကျော် ကာလအတွင်း တည်ဆောက်ဖြစ်ထွန်း အောင်မြင်မှုများမှာ မနှိုင်းယှဉ်နိုင်လောက်အောင် အများအပြား ဖြစ်ထွန်းအောင်မြင်ခဲ့ပြီး ဆက်လက်၍လည်း နေ့မအားညမနားဘဲ ဆောင်ရွက်နေကြသည်ကို ရှုမြင်ကြရမှာဖြစ်ပါသည်။ ယခုလိုတည်ဆောက်မှုများသည် မည်သူ့အတွက်၊ မည်သူ့အဖွဲ့အတွက်မှမဟုတ်၊ နိုင်ငံနှင့် နိုင်ငံသားများအားလုံးတွက် တည်ဆောက်ခဲ့၊ တည်ဆောက်လျက်ရှိကြသည်ကို စဉ်းစားတွေးခေါ်တတ်သူတိုင်းပင် သိနားလည်ကြမှာပါ။ မသိချင်ယောင်၊ မမြင်ချင်ယောင် ဆောင်နေကြသည်မှအပ လူတိုင်းလူတိုင်း သိကြမှာမလွဲပါဟု ဆိုချင်ပါသည်။

ဒီနေရာမှာ စာရေးသူအနေဖြင့် နိုင်ငံတော်၊ နိုင်ငံသားနှင့်အစိုးရကို ခွဲခြားသိမြင်ကြဖို့ မသိမမြင်ယောင်ဆောင်နေကြသည့် အစွန်းရောက်ဝါဒီများ၊ ငါမင်းသားမလုပ်ရရင် ပတ်မကြီးကိုထိုးဖောက်လိုက်မည်လို့ ခံယူချက်ရှိနေသူများကို ထောက်ပြအသိပေးလိုပါသည်။ မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားများသည် ကမ္ဘာတည်သရွေ့အမြဲတည်ရှိနေမှာဖြစ်ပြီး အစိုးရအဖွဲ့တစ်ဖွဲ့အနေဖြင့်မူ အကြောင်းအမျိုးမျိုးတို့ကြောင့် နိုင်ငံအကျိုးအတွက် နိုင်ငံအာဏာကို ရယူထားရသည့် ယခုလက်ရှိအစိုးရပင်ဖြစ်စေ၊နောင်တွင်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြည်သူများမှ ရွေးချယ်တင်မြှောက်လိုက်၍ ဖြစ်ပေါ်လာမည့်အစိုးရပင်ဖြစ်စေ အတိုင်းအတာ အချိန်ကာလတစ်ခုအတွင်း၌သာ သက်တမ်းရှည်ကြာကြမှာ ဆိုသည်ကို အသိရှိကြဖို့၊ ခွဲခြားမြင်တတ်ကြဖို့ အထူးလိုပါလိမ့်မည်။ အကြောင်းအမျိုးမျိုးတို့ကြောင့်၊ အမြင်အမျိုးမျိုးတို့ကြောင့် တည်ရှိနေမည့် အစိုးရတစ်ဖွဲ့အပေါ် အမြင်မကြည်လင်တိုင်း၊ မလိုလားတိုင်း နိုင်ငံရေးအမြတ်ထုတ်နိုင်ရန်အတွက်၊ အဆိုပါအစိုးရအဖွဲ့ အကျပ်အတည်းတွေ့ရန်အတွက် နိုင်ငံ၏အကျိုး၊ ပြည်သူလူထုအကျိုးကို ပျက်ပြားထိခိုက်နစ်နာစေမည့်၊ နိုင်ငံတော် မတည်မငြိမ်ဖြစ်လာစေမည့် မည်သည့်ကိစ္စရပ်ကိုမျှ မကြံစည်အပ်၊ မဆောင်ရွက်အပ်သင့်ပါ။ အစိုးရတိုင်းသည် နိုင်ငံကောင်းကျိုးအတွက် ဆောင်ရွက်မည်ဟု ကြွေးကြော်တက်လာကြပြီး နိုင်ငံအကျိုးကို တတ်စွမ်းနိုင်သမျှ ဆောင်ရွက်ကြရမည့် တာဝန်ဆိုတာ ရှိနေမြဲရှိနေကြမှာ ဖြစ်ပါသည်။

ယခုနိုင်ငံတော်အာဏာကို ရယူနိုင်ရန်အလို့ငှာ နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးကို ပျက်ပြားဆုတ်ယုတ်သွားအောင် ကြံစည်လုပ်ဆောင်နေကြသူများအနေဖြင့် ဒီမိုကရေစီဘိုးအေနိုင်ငံလို့ ခေါ်ဆိုသမုတ်ပြီး အားကိုးအားထားပြုနေကြသည့်အနောက်နိုင်ငံကြီးများသည်ပင် ကွဲပြားသောပါတီကြီးများ ရှိနေသော်လည်း အဆိုပါ ပါတီကြီးများသည် ၎င်းတို့ နိုင်ငံအကျိုးအတွက်ဆိုပါက ပြိုင်ဘက်အချင်းချင်းပင်ရိုင်းပင်းထောက်ခံကြပြီး တညီတညွတ်တည်း ဆောင်ရွက်ကြလေ့ရှိသည်ကိုမြင်တတ်ဖို့၊ အတုယူတတ်ဖို့လိုပါသည်။ဒါကြောင့် "ခရီးသွားများ မလာပါနဲ့၊ကူညီထောက်ပံ့မှုများမလုပ်ကြပါနဲ့၊ ရင်းနှီးမြှုပ်နှံမှုများ မလုပ်ကြပါနဲ့၊ရင်းနှီးမြှုပ်နှံထားပြီးသူများသည်လည်း ပြန်လည်ရုပ်သိမ်းကြပါ၊ စီးပွားရေးများပိတ်ဆို့ကြပါ"ဟု နိုင်ငံနှင့်လူမျိုးအတွက် အကျိုးယုတ်စေနိုင်သော အဖျက်လုပ်ရပ်များသည် အဓိက နိုင်ငံတော်နှင့် နိုင်ငံသားများကိုသာ နစ်နာဆုံးရှုံးစေမှာဖြစ်ပါသည်။ လူထုကို ဆူပူအုံကြွအောင် မဟုတ်မမှန် လိမ်ညာသောနည်းလမ်းဖြင့် တိုင်းပြည်ပျက်မှ အစိုးရလည်းပြုတ်ကျပြီး ငါတို့၊ သို့မဟုတ် ငါတို့ သဘောကျသူ၊ သို့မဟုတ် ငါ့ပါတီ တက်လာလိမ့်မည်လို့ တွက်ဆကြံစည် လုပ်ကိုင်နေကြသူများ အနေဖြင့် အာဏာရမည် မရမည်တော့ မသေချာပါ။ တိုင်းပြည်ပြိုကွဲလို့ နိုင်ငံသားများ အားလုံး သွေးချောင်းစီးကြ၊ဒုက္ခရောက်ကြနှင့် နောက်ဆုံးတစ်နေ့ သူ့ကျွန်ဘဝကိုပင် ပြန်လည်ရောက်ရှိသွားနိုင်ကြသည်ကို ကမ္ဘာ့သမိုင်းတွင် ပြိုကွဲပျက်စီးခဲ့သော နိုင်ငံများက သာဓကအဖြစ်ရှိနေပြီးဖြစ်ပါသည်။

ထို့ကြောင့် တစ်ဖက်စွန်းသို့ ရောက်ရှိနေကြသည့် အမြင်ကျဉ်းမြောင်းလျက်ရှိကြသော နိုင်ငံရေးပါတီများ၊ ပြည်တွင်း ပြည်ပ၌ အဖျက်အမှောင့်လုပ်နေကြသူများအနေဖြင့် အမှန်တကယ် နိုင်ငံနှင့်လူမျိုးကို ချစ်ကြပါသည်ဟု ဆိုပါက နိုင်ငံနှင့်လူမျိုးတစ်ရပ်လုံး ဒုက္ခပင်လယ်ဝေကြရမည့် အဖျက်လုပ်ငန်းများကို ကြံစည်တွေးခေါ်လုပ်ဆောင်နေမှုများကို ရပ်တန့်ကရပ်ပြီး နိုင်ငံအကျိုး၊ နိုင်ငံသားတို့၏အကျိုးကို အမှန်တကယ်ရရှိအောင် ပြောင်းလဲပြုမူပြောဆိုဆောင်ရွက်ကြမည်ဆိုရင်ဖြင့် နိုင်ငံသားတိုင်းက ချစ်ခင်ယုံကြည်လက်ခံကြမည်ဖြစ်သလို ခေတ်အဆက်ဆက်က အကြောင်းအမျိုးမျိုးတို့ကြောင့် နောက်ကျကျန်ရစ်ခဲ့သော နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မှုကို အခြားသောနိုင်ငံများနှင့် တန်းတူရည်တူ ရင်ပေါင်တန်းနိုင်အောင် အမြန်ဆောင်ရွက်နိုင်ကြမှာ မလွဲဧကန်ဖြစ်ပါသည်ဟု ဆိုချင်ပါသည်။

ပြည်သူများအနေဖြင့်လည်း အပြုနှင့်အဖျက်၊တည်ဆောက်သူနှင့် ဖျက်ဆီးသူတို့ကို အတိတ်သမိုင်းကြောင်း သင်ခန်းစာများနှင့်အတူ နှိုင်းယှဉ်သုံးသပ်၍ အမှန်ကိုမြင်နိုင်ကြပါရန်နှင့် နှစ်ကြိမ်နှစ်ခါ အလိမ်အညာမခံရစေရန် သတိတရားလက်ကိုင်ထားကြစေလိုကြောင်းကို မေတ္တာတရားရှေ့မှာထားလို့ နိုင်ငံနှင့်လူမျိုးတို့၏ အကျိုးတွက်နှိုးဆော်လိုက်ပါရစေ။ ။

ကျောက်ဖြူခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ စုပေါင်း၍ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁ ရက်က သာသနာ့ဗိမာန်တွင်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးလှတင့်က ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

ဘာသာစကားနှင့်ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

Greatest Powerနိုင်ငံခြားဘာသာစကားပြောနှင့် ကွန်ပျူတာသင်တန်းက ကြီးမှူး၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဝန်ထမ်းများ၊ကျောင်းသူကျောင်းသားများ၊ Tour Guideများ၊ လုပ်ငန်းခွင်သို့ ဝင်ရောက်မည့်သူများအတွက် ရည်ရွယ်၍ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ အီတာလျံ၊ စပိန်၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ ကိုရီးယား၊ မလေးရှား၊ ရုရှား ဘာသာစကားပြောများနှင့် လက်တွေ့အသုံးချ ကွန်ပျူတာလေ့လာမှု သင်တန်းများကို ကျွမ်းကျင်သော အတွေ့အကြုံရင့် ဆရာဆရာမများစုစည်းမှုဖြင့် လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ Center-1 အမှတ်၅၊ ပထမထပ်၊ ဇေယျာသီရိလမ်း(အာရှနေဘဏ်ဘေးလမ်း)၊ လှည်းတန်း၊ ကမာရွတ်၊ ဖုန်း-၅၃၇၂၃၁နှင့် Center-2၊အမှတ်၁၁၇၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတား၊ ရန်ကုန်၊ ဖုန်း ၃၇၀၂၀၈ တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖျာပုံမြို့နယ် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၉ရက်က သလိပ်ကြီးကျေးရွာ ဧက ၁၀၀ စံပြကွက်ရှိ လယ်သမားကြီး ဦးစောသောင်း၏ လယ်ကွက်တွင် ကျင်းပရာခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က ရွှေဝါငါးကြင်း၊ငါးခုံးမ၊ ငါးမြစ်ချင်းကောင်ရေ ၇၅၀၀၀ကို စိုက်ထည့်ပေးစဉ်။ (၁၅၈)

မြဝတီရုပ်မြင်သံကြား

၁၄-၈-၂၀၀၃ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနှာဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ်(စိတ်ပညာ)
  - (ခ) ပထမနှစ်(ဝါဏိဇ္ဇဗေဒ)
- ၅:၃၅ ၁၀။ တိုင်းကျိုးပြည်ပြုတို့ရေးရှု
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အသည်းချင်းတူရင် ကြည်ဖြူပါမယ်ရှင်"** အပိုင်း(၄)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိမှတ်တမ်း (အပိုင်း-၉) (ဇနကဖွဲ့ဖြင့် အောင်ပွဲစည်ဖြိုးခြိမ့်ရွှေတာမည်)
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သူငယ်ချင်းသုံးဖော်"** အပိုင်း(၈)

ပဲခူးတိုင်းအတွင်း လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၁ ရက်တွင် ရန်ကုန်မြို့မှ မော်တော် ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး အမှတ်(၂)လမ်းမကြီး၌ မိုးရာသီအတွင်း ဆောင်ရွက်နေသည့် လမ်းထိန်းသိမ်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေးခြောက်လမ်းသွား လမ်းမကြီးကို ရန်ကုန်တိုင်း အပိုင်းနှင့် ပဲခူးတိုင်းအပိုင်းတို့၌ မိုးရာသီ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်–မန္တလေးလမ်းအပိုင်း မိုင်တိုင် ၁၃၀ တွင် တည်ဆောက်လျက်ရှိသည့် ကွင်းချောင်းတံတား လေးလမ်းသွား စီမံကိန်းသို့ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း ဆောင်ရွက်နေသည့် တံတားပေါ် ကျောက်ကတ္တရာခင်းနေသည့် အခြေအနေ၊ တံတား၏ ပြီးစီးမှုလုပ်ငန်းများ၊ လူသွားလမ်းလုပ်ငန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးမြင့်လွင်နှင့် ဦးရွှေလေးတို့က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းလျာထားချက်များကိုရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လက်ရာကောင်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိုးရာသီဖြစ်၍ အချိန်ကို မစောင့်ဘဲ နေသာလျှင် သာသလို နေ့ရောညပါ ဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ ကွင်းချောင်းတံတားမှာ အရှည်ပေ ၃၀၀ ရှိ၍ လေးလမ်းသွား တံတားဖြစ်သည်။ တံတား၏ အောက်ခြေကို သံကူကွန်ကရစ်ပိုင်တိုင်နှင့် ဘိုးပိုင်များ၊ အပေါ်ထည်ကို သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်း၊ လက်ရန်းများအဖြစ် တည်ဆောက်ထားသည်။ တံတားအကျယ်မှာ ယာဉ်သွားလမ်းအကျယ် ၄၈ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေစီပါရှိကာတံတား၏ ခံနိုင်ဝန်မှာ တန် ၆၀ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒါတွေကိုသိဖို့လိုတယ်

- ❖ မြောက်တိုင်းလည်း မမြောက်နဲ့
- ❖ ခြောက်တိုင်းလည်း မကြောက်နဲ့
- ❖ ချော့တိုင်းလည်း မပျော့နဲ့

စာရင်းစစ်ချုပ်ရုံးမိသားစု စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၃

စာရင်းစစ်ချုပ်ရုံး မိသားစုများ၏ ပဉ္စမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာန၌ ကျင်းပသည်။

ရှေးဦးစွာစာရင်းစစ်ချုပ်ဗိုလ်မှူးချုပ်တင်အေး၊ ဒုတိယစာရင်းစစ်ချုပ် ဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာတိတ်ဝမ်၊ အမျိုးသားသွေးလှူဌာန တာဝန်ခံ ဒေါက်တာ သီတာအောင်တို့က စာရင်းစစ်ချုပ်ရုံး မိသားစု သွေးလှူရှင်များအား လိုက်လံကြည့်ရှု အားပေးကြပြီး စာရင်းစစ်ချုပ် ဗိုလ်မှူးချုပ်တင်အေးက အကြိမ်အများဆုံး သွေးလှူရှင် ခြောက်ဦးအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ထို့နောက် စာရင်းစစ်ချုပ်အား ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် အမျိုးသားသွေးလှူဌာန တာဝန်ခံ ဒေါက်တာ သီတာအောင်တို့က Haemonetics (ဟီမိုနက်တက်) သွေးပစ္စည်းများ ခွဲခြမ်းထုတ်ယူနိုင်သည့် စက်အကြောင်းကို ရှင်းလင်းပြသကြသည်။

စာရင်းစစ်ချုပ်ရုံးသည် ပြည်နယ်နှင့်တိုင်းများ၊ မြို့နယ်များ၌ သွေးလှူရှင်အဖွဲ့များ ဖွဲ့စည်းထားရှိပြီး စုပေါင်းသွေးလှူဒါန်းမှုများ ဆောင်ရွက်နေကြကြောင်း သိရသည်။

ယနေ့ ပဉ္စမအကြိမ် သွေးလှူဒါန်းပွဲတွင် သွေးလှူဒါန်းသူ အမျိုးသားအမျိုးသမီး စုစုပေါင်း ၁၁၁ ဦးတို့က သွေးလှူဒါန်းကြသည်။

(သတင်းစဉ်)

သုတစွယ်စုံ စာအုပ်တိုက် အမှတ် ၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၂၀၀၅၁၂၊ ၂၀၂၀၈၉ က သတင်းဦးစားပေး အသွင်သစ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည့် ပြည်မြန်မာ သတင်းဂျာနယ် အမှတ်(၃၇၄)မျက်နှာဖုံး။(က–ပ)



နေရှင်နယ်ဓာတ်ခဲများ ထုတ်လုပ်နေသည်မှာ ဤသို့။

❒ **တောင်ဒဂုံမှ**

ဤစက်ရုံများကို ၂၀၀၀ပြည့်နှစ်မှစတင်၍ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ တည်နေရာအတိအကျမှာ တောင်ဒဂုံစက်မှုဇုန်(၁)၊ ၂၃ရပ်ကွက် မိုးကုတ်လမ်းတည်း။

၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့သော စက်ရုံများအနက် ရေနံဓာတ်ငွေ့ရည်အိုးခွံ ထုတ်လုပ်ရေးအလုပ်ရုံ၊ အောက်ဆီဂျင် ဓာတ်ငွေ့ထုတ်လုပ်ရေးအလုပ်ရုံ၊ ဘို့နှင့် နပ်ထုတ်လုပ်ရေး အလုပ်ရုံတို့အတွက် အိန္ဒိယနိုင်ငံမှ စက်များဝယ်ယူတပ်ဆင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရ၏။ ဘက်ထရီအိုးခွံထုတ်လုပ်ရေးအတွက် စက်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်များဖြင့် တပ်ဆင်ထုတ်လုပ်ခဲ့ပြီး ဝါယာနန်းဆွဲ အလုပ်ရုံအတွက် စက်များကိုလည်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှပင် ဝယ်ယူတပ်ဆင်ခဲ့ခြင်းဖြစ်သည်။ အလားတူစက္ကူပတ်ဓာတ်ခဲစက် လိုင်းသစ်များကိုလည်းတရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်များဖြင့် စက်လိုင်းသစ်များတိုးချဲ့တပ်ဆင်ထုတ်လုပ်ခဲ့သည်။

စက်ရုံအလုပ်ရုံများခေတ်မီ၍ထုတ်လုပ်သည့် ပစ္စည်းများ အရည်အသွေးကောင်းမွန်လှ၍ ထုတ်မနိုင်လောက်အောင်အရောင်းတွင်ကျယ်သည်ဟူသော သတင်းကြားနေရသည်မှာကြာချေပြီ။

လေ့လာတွေ့ရှိချက်များကို ပြန်ရေတွက်ပြီး စက်စွမ်းအားကို ပြန်ပြောပြရလျှင် ရေနံဓာတ်ငွေ့ရည်အိုးခွံအလုပ်ရုံတွင် စက်အလုံးရေ ၃၆ လုံးရှိပြီး တစ်နှစ်လျှင်အလုံးငါးသောင်းထုတ်လုပ်နိုင်၏။ အက်စက်တလင်းဓာတ်ငွေ့အလုပ်ရုံ၌ စက်အလုံးရေကိုးလုံးရှိကာ တစ်နာရီလျှင် ကုဗပေ ၁၆၀၀ ထုတ်လုပ်ပေးနိုင်၏။အောက်ဆီဂျင်ဓာတ်ငွေ့အလုပ်ရုံမှာလည်း စက်အလုံးရေကိုးလုံးရှိပြီး တစ်နာရီလျှင် ကုဗပေ ၃၅၀၀ ထုတ်လုပ်နိုင်စွမ်းရှိ၏။ ဘို့နှင့်နပ်အလုပ်ရုံ၌ စက်အလုံးရေ ၁၃ လုံးရှိသည်။ ဘက်ထရီအိုးခွံအလုပ်ရုံ၌ စက်အလုံးရေ ၁၆ လုံးရှိပြီး တစ်နှစ်လျှင် အလုံးငါးသိန်းထုတ်လုပ်ပေးနိုင်ကာ ဓာတ်ခဲအလုပ်ရုံတွင် စက်ကြီးသုံးလုံးရှိပြီး တစ်နှစ် ၁၂ သန်းထုတ်လုပ်နိုင်၏။

ထိုစက်ရုံအလုပ်ရုံများစွမ်းအားပြည့်လည်ပတ်နိုင်ရန်၊ ထုတ်ကုန်ပစ္စည်းများအရည်အသွေးမြင့်မား၍ ရောင်းပန်းလှစေရန် သက်ဆိုင်ရာတာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

တောင်ဒဂုံစက်မှုနယ်မြေမှာ ရွာကြီးတစ်ရွာလောက်ကျယ်မည်ထင်သည်။ စက်ရုံအလုပ်ရုံအတွင်းအပြင်တွင် သန့်ရှင်းသပ်ရပ်မှုရှိပြီး စက်ရုံအလုပ်ရုံအဆောက်အအုံကြီးများမှာ အလွန်တရာပင်ခံ့ညားထည်ဝါလှ၏။ ထိုစက်ရုံအလုပ်ရုံများသည် အနာဂတ်စက်မှုနိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်စွမ်းသော စက်ရုံအလုပ်ရုံကြီးများ ဖြစ်ပေသည်။

ဈေးကွက်ပို့ရန် အသင့်ဖြစ်နေသော ဘက်ထရီအိုးများ။



ဩဂုတ် ၉ ရက်က တောင်ဥက္ကလာပမြို့နယ် စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးမြင့်ကြည်က စာပေငွေပဒေသာပင်အလှူရှင် ကပ္ပတိန်သာစိန်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (ဝ၁၈)

အထက–၂(လှိုင်) ရွှေရတုအာစရိယပူဇော်မည်

ရန်ကုန် ဩဂုတ် ၁၃

ဒေါ်သာထက်ကျောင်း(အထက–၂၊လှိုင်)၏ ရွှေရတုသဘင်နှင့်အာစရိယပူဇော်ပွဲကို လာမည့်နှစ်သစ် ၂၀၀၄ တွင် ကျင်းပရန် စီစဉ်ထားရာ ရွှေရတုသဘင်အခမ်းအနားနှင့်အတူ ရွှေရတုမဂ္ဂဇင်းထုတ်ဝေရန် စာမူများနှင့်ရှားပါးမှတ်တမ်း ဓာတ်ပုံများပေးပို့ရန် နှိုးဆော်ထားသည်။

အာစရိယပူဇော်ပွဲသို့ တက်ရောက်နိုင်ရေးနှင့် အလှူငွေများထည့်ဝင်နိုင်ရန် ဦးအောင်ဝင်းနိုင် ဖုန်း–၀၉၅၀၀ ၈၃၄၃၊ ဦးမြင့်ဦး ဖုန်း–၅၂၇၂၁၇၊ဒေါ်အေးအေး အထက–၂၊ လှိုင် ဖုန်း– ၇၀၈၂၃၆၊ ဦးချစ်ဦး ဖုန်း–၅၀၄၉၁၂၊ဦးကြည်သန်း ဖုန်း–၇၂၁၇၅၁၊ဦးလှဝင်း(ဆရာသွယ်) ဖုန်း–၀၉၅၀၂၀၀၅၃၊ ဦးမျိုးခင် ဖုန်း–၅၆၀၄၅၀၊ ဦးဇော်မင်းလေး–ဒေါ်ချိုချိုလှိုင် ဖုန်း–၆၆၂၁၂၀နှင့် ဦးမျိုးမြတ်သူ Myanmar ebook Project ဖုန်း–၂၉၇၁၈၈၊၂၉၇၁၈၉ လိုင်းခွဲ၄၀၂ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(က–ပ)

တာချီလိတ်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၁၃ရက်က အထကကျောင်းအုပ်ဆရာကြီးဦးမောင်တင့်နှင့် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူများ ကျောင်းဝင်း စိမ်းလန်းစိုပြည်သာယာရေးအတွက် သစ်ပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (ခရိုင်ပြန်/ဆက်)

သဲအင်းဂူတရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ သမထဝိပဿနာတရားတော်များကို ဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ဘဒ္ဒန္တ မုနိန္ဒ (ကျိုက်ဝိုင်း) အရှင်သူမြတ်က ဩဂုတ် ၁၈ ရက်မှ ၂၄ရက်ထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဩဂုတ် ၁၇ရက် ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားနှင့်တကွ လာရောက်စာရင်းပေးသွင်းနိုင်ပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများလည်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ဖြိုးခြံချောတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်ဖြင့်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကညွတ်ကွင်းမြို့ရှိ လူမှုရေးအသင်းအဖွဲ့များအတွက်မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဖူးမြော်ကြည်ညို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်၏ ရာပြည့်အထိမ်းအမှတ်ရုပ်တု ဗိမာန်တော်၌ တောရဂိုဏ်းကြီး၏ ဂဏာဓိပတိ ဘုန်းတော်ကြီး ဦးသီလ၊ ညောင်လေးပင်မြို့ တောရကျောင်းတိုက် ပထမတိုက်တည် ဘုန်းတော်ကြီး ဦးသောမ၊ အုတ်တွင်းမြို့ ကန်ကလေးတောရ ပထမတိုက်တည် ဘုန်းတော်ကြီး ဦးသုရိန္ဒ၊ အုတ်တွင်းမြို့ ကန်ကလေးတောရ ဒုတိယဆရာတော် ဦးသောဘိတ၊ အုတ်တွင်းဇာတိ နိုင်ငံကျော် ဓမ္မကထိက အနီးစခန်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ကန်ကလေးတောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိက တို့၏ ရုပ်တုတော်များအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် သုရိန္ဒာရာမ ဓမ္မဗိမာန်တော်၌ ကန်ကလေးတောရပဓာနနာယက ဆရာတော် ဦးခေမာစာရနှင့် ဆရာတော် သံဃာတော်များအား ဖူးမြော်ကန်တော့ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဆရာတော်ဦးခေမာစာရအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ကျောင်းတိုက်အတွက် နဝကမ္မအလှူငွေများကို ဂေါပကသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ဆုတောင်းမေတ္တာ ပို့သကြသည်။

စေတနာရှေ့ထားလုပ်ကိုင်

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၆ နာရီ ၁၅ မိနစ်တွင် အုတ်တွင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သီရိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနအလိုက်တာဝန်ရှိသူများအား လုပ်ငန်းဌာနအလိုက် ဆောင်ရွက်ချက်များကို ရင်းရင်းနှီးနှီးမေးမြန်းပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းအောင်၊ တရားဥပဒေ စိုးမိုးအောင်၊ ဒေသဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ခဲ့ရပုံများ၊ မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံတော်အကျိုးအတွက် စေတနာရှေ့ထား၍ ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ပုံများကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် အုတ်တွင်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဌာနဆိုင်ရာများနှင့် တွေ့ဆုံအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် အုတ်တွင်းမြို့မှ တောင်ငူမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဩဂုတ် ၁၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် တောင်ငူမြို့ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမဆောင်၌ တောင်ငူတပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီခွဲတွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တောင်ငူခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဖြူးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ ငွေများကို တာဝန်ရှိသူများအား ပေးအပ်စဉ်။ (သတင်းစဉ်)

တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကိုက ပဲခူးတိုင်း၏ အကျယ်အဝန်း၊ မိုးစပါး၊ နွေစပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ စိုက်ပျိုးနိုင်မှုများ၊ ဒေသဝမ်းစာဆန်နှင့် ဆီဖူလုံပိုလျှံသည့် အခြေအနေများ၊ တိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးဆောင်ရွက်ချက်များ၊ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ၊ ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ခရီးစဉ်အတွင်း စစ်ဆေးခဲ့သော ဆေးရုံများ၏ စစ်ဆေးတွေ့ရှိချက်များနှင့် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်များကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးဝင်းမောင်က အခြေခံပညာအထက်တန်းကျောင်းများကို စစ်ဆေးခဲ့မှု အခြေအနေများကို လည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ တောင်ငူမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဂျိုင်းအက်စကော့၊ မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင် ဒေါ်ခင်ခင်သန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအေးသန်း၊ မြို့နယ်ကြက်ခြေနီ တပ်ရင်းမှ ဦးတင့်လွင်တို့က အသင်းအဖွဲ့အလိုက် ဆောင်ရွက်ချက်များ၊ အသင်းဝင်အင်အားများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန့်ဇင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်နယ်၊ တိုင်း နယ်မြေအားလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာရေး၊ နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အတွက် မှန်ကန်သောမူဝါဒများနှင့်အညီ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ခဲ့ရသည်များကို ရှင်းလင်းပြောကြားသည်။

ပြည်သူ့အကျိုးမျက်ခြည်ပြတ်မခံ

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ပိုမိုတိုးတက် သယ်ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူများ၊ ဝန်ထမ်းများ၏ စုပေါင်း ညီညွတ်သည့် အင်အားကို ဆက်လက်ရယူ၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ ကြောင်းကျိုးဆီလျော် မှန်ကန်သည့် ဦးတည်ချက် (၁၂)ရပ် ချမှတ်ကာ လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မည်သည့် အဟန့်အတားအနှောင့်အယှက်များ၊ အဖျက်အဆီးများ ရှိစေကာမူ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့အကျိုးစီးပွားကို မျက်ခြည်ပြတ်မခံဘဲ ပြည်သူများ၊ ဝန်ထမ်းများနှင့်အတူ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်သည်ထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးကြိုးစားစား ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများသည် တောင်ငူမြို့နယ်မှ လူမှုရေး အသင်းအဖွဲ့များအတွက် မတည်ထောက်ပံ့ငွေများကို တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ရှိ တောင်ငူခရိုင် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တောင်ငူခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တောင်ငူမြို့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းမှာကြားသည်။

ထို့အတူ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်သည် ဩဂုတ် ၁၀ ရက် ညနေပိုင်းတွင် အုတ်တွင်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဩဂုတ် ၁၀ရက် ညနေပိုင်းတွင် အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံနှင့် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတို့ကို ဝင်ရောက်ပြီး အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လူနာများအား နှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

ရေချိုပုစွန်မွေးမြူရေးစခန်းလှည့်လည်စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဝင်းသည် ထုတ်လုပ်ရေးဌာန တွဲဖက်ဌာနမှူး ဗိုလ်မှူးတင်ဖေလိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက်က ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် မုတ္တမပင်လယ်ကွေ့ရှိ ထုတ်လုပ်ရေးဌာန၏ အောင်ချမ်းသာ ရေချိုပုစွန် မွေးမြူရေးစခန်းသို့ သွားရောက်ပြီး ကန် A(၁)တွင် ရေချိုပုစွန်များ ဖော်ထုတ်ဖမ်းဆီးနေမှုများကို ကြည့်ရှု စစ်ဆေးသည်။ **(အပေါ်ပုံ)**

တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့သည် စခန်းတာဝန်ခံ ဦးကျော်ကျော်ဦး၊ ကျောက်တန်းမြို့နယ် ရေချိုပုစွန်မွေးမြူရေးအထူးဇုန်ရှိ ထုတ်လုပ်ရေးဌာန ရေချိုပုစွန်မွေးမြူရေးတာဝန်ခံ ဦးစံမင်းတို့နှင့်အတူ အောင်ချမ်းသာ ရေချိုပုစွန် မွေးမြူရေးစခန်းအတွင်း ရေချိုပုစွန်မွေးမြူထားသည့် ကန်များကို လှည့်လည်စစ်ဆေးသည်။ ကန် A(၁)တွင် ရေချိုပုစွန် ခြောက်တန်ကျော် ဖမ်းဆီးရရှိပြီး ကန် A(၆)၊ ကန် A(၄)တို့ကိုလည်း ဩဂုတ် ၁၃ ရက်နေ့တွင် ဆက်လက်ဖော်ယူဖမ်းဆီးသွားမည်ဖြစ်သည်။ **(၂၁၀)**

မူးယစ်ဆေးအကြောအတွင်းထိုးသွင်းသူများအန္တရာယ်လျော့ပါးရေး ဒုတိယအကြိမ်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဒေသကြီးနှစ်ခုတို့၏ မူးယစ်ဆေးအကြောအတွင်းထိုးသွင်းသူများ အန္တရာယ်လျော့ပါးရေး ဒုတိယအကြိမ် အစည်းအဝေး (The Second Bi-regional Partners Meeting on Harm Reduction Among Injection Drug Users) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှိုင်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနချုပ်၊ အရှေ့တောင်အာရှဒေသနှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှတာဝန်ရှိသူများ၊ ကမ္ဘောဒီးယား၊ နီပေါ၊တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borraက အမှာစကား ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက်အစည်းအဝေးတက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများ၏ မူးယစ်ဆေးဝါးနှင့်ခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်း မှတ်တမ်းဓာတ်ပုံများနှင့် စာအုပ်စာတမ်းများကိုကြည့်ရှုလေ့လာကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ဒေသကြီးနှစ်ခုတို့၏ မူးယစ်ဆေးအကြောအတွင်း ထိုးသွင်းသူများ အန္တရာယ်လျော့ပါးရေး ဒုတိယအကြိမ် အစည်းအဝေးကို စတင်ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားလှယ် Dr. Broto Wasisto နှင့် မြန်မာနိုင်ငံကိုယ်စားလှယ် ရဲမှူးကြီးစစ်အေးတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အဖွဲ့ဝင် နိုင်ငံများနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မူးယစ်ဆေးအကြောအတွင်းထိုးသွင်းသူများ အန္တရာယ်လျော့ပါးရေးဆိုင်ရာ နည်းဗျူဟာ လုပ်ငန်းများနှင့်အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသအတွင်း အရင်းအမြစ်၊ နည်းပညာ တိုးမြှင့်ခြင်းနှင့် အထောက်အပံ့များ တိုးတက်စေခြင်းဆိုင်ရာများကို ပူးပေါင်းဆွေးနွေးညှိနှိုင်းကြပြီး ညနေပိုင်းတွင် အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးကို ဩဂုတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးများ ဖားကန့်မူဆယ်နှင့်တောင်ကြီးတို့၌ဖမ်းမိ

ရန်ကုန် ဩဂုတ် ၁၃

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက်တွင် ဖားကန့်မြို့နယ် ဟောင်ပါးကျေးရွာစက်လှေဆိပ်၌ မိုးညှင်းမြို့ နောင်စွန်းရပ်ကွက် အိမ်အမှတ်(၂၂၅) နေ ဦးချစ်ထွန်း၏သား မောင်ကျော်ဇင်ထွန်းအား သတင်းအရ ဖမ်းဆီးရှာဖွေစစ်ဆေးခဲ့ရာ ၎င်းသယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် နောင်လောင်းကျေးရွာအနီး၌ စောင့်ဆိုင်း၍ မူဆယ်မြို့နယ် နမ့်ဆန်ဂိုဒေါင်ကျေးရွာနေ ဦးရန်ရွှေ၏သား ရန်အားတဲ့ မောင်းနှင်လာပြီး ဦးအိုက်တဲ့၏သမီး မအားချင့်တို့လိုက်ပါလာသောဆူပါကပ် အမျိုးအစား(အစိမ်းပုတ်ရောင်) ဆိုင်ကယ်ကိုသတင်းအရ ရပ်တန့်ရှာဖွေ စစ်ဆေးခဲ့ရာ ၎င်းတို့သယ်ဆောင်လာသော ဘိန်းဖြူဘလောက်တုံး ၁၀ တုံး စုစုပေါင်း အလေးချိန် ၃ ဒသမ ၅ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဩဂုတ် ၇ ရက်တွင် အဆိုပါပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ရတနာသီရိရပ်ကွက် နယ်မြေ(၁) ရွှေတောင်ကြားလမ်းရှိ အိမ်အမှတ်(၇၅၈)ကို သတင်းအရဝင်ရောက်ရှာဖွေခဲ့ရာ အိမ်ရှင် ဒေါ်နန်းခဲ၏သားဖြစ်သူ ခွန်ထွန်းကျော်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၂၂၅ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံများနှင့် မူးယစ်ဆေးဝါးများကို သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အေအိုင်ဒီအက်စ်ရောဂါ ပညာပေးပိုစတာစိုက်ထူ

ရန်ကုန် ဩဂုတ် ၁၃

အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တိုက်ဖျက်ရေး ကျန်းမာရေး ပညာပေးမြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ကျန်းမာရေးဦးစီးဌာန ရုံးချုပ်ရှေ့၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝမ်းမောင်နှင့် တာဝန်ရှိသူများ၊ Ranbaxy ဆေးကုမ္ပဏီ ဌာနေကိုယ်စားလှယ် Mr. Dinesh Kapoor နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများ

ရန်ကုန် ဩဂုတ် ၁၃

OBF Language Centre တွင် အင်္ဂလိပ်စာကို စနစ်တကျတတ်ကျွမ်းလိုသူများအတွက် နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် Exam များဖြစ်သော IELTS, TOEFL(Twe)နှင့် အင်္ဂလိပ်စကားပြော သင်တန်းများ Grammar Interactive General English Courses, All Round Development Course (Speaking, Writing, Listening, Reading), Foreign Going English သင်တန်းများကို ဆရာတိုနီကိုယ်တိုင် သင်ကြားပေးမည်ဖြစ်ပြီး လစဉ်တန်းခွဲသစ်များဖွင့်လှစ်လျက်ရှိရာ OBF Language Centre အမှတ် ၂၃၃၊ ၃၅ လမ်း (အထက်)ဘလောက် ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၈၆၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ကွတ်ခိုင်မြို့နယ်အတွင်း ဘိန်းချက်စခန်းတစ်ခုကို မူးယစ်ဆေးဝါးများ၊မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူဖော်ထုတ်ရှင်းလင်းရရှိ

ရန်ကုန် ဩဂုတ် ၁၃

နယ်မြေခံတပ်မတော်စစ်ကြောင်း တစ်ကြောင်းနှင့် မူးယစ်(အထူး)အဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ဆောင်ကျဲကျေးရွာနှင့် နမ့်ပြင်းကျေးရွာအကြား ခန့်မှန်းမြေပုံညွှန်း SO-၅၅၁၉ တွင် ဘိန်းချက်စခန်းတစ်ခုရှိကြောင်းသတင်းအရ သွားရောက်ရှင်းလင်းခဲ့ရာ ၂၀၀၃ ခုနှစ် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၁ ရက်အထိ ဘိန်းချက်စခန်းတစ်ခုအား ဘိန်းချက်တဲကြီး သုံးလုံး၊ ပစ္စည်းသိုလှောင်တဲ နှစ်လုံး၊ လူနေတဲ တစ်လုံး၊ ဘိန်းဖြူ ၆၂ ဒသမ ၄၅၂ ကီလို၊ ဘိန်းစိမ်း ၃၆ ဒသမ ၄ ကီလို၊ လွှိုက်ဇော ၆၆၀ ဒသမ ၅လီတာ၊ အီသာ ၁၃၅ လီတာ၊ ကလိုရိုဖောင်း ၂ ဒသမ ၈၄၄ လီတာ၊ ဟိုက်ဒြိုကလိုရစ်အက်ဆစ် ၂၀၂ ဒသမ ၅ လီတာ၊ အက်ဆစ်တစ်အင်ဟိုက်ဒြိုက် ၈၇၂ လီတာ၊ အမိုနီယမ်ကလိုရိုဒ် ၂ ဒသမ ၈၇၅ ကီလို၊ ဆိုဒီယမ်ကာဗွန်နိတ် ကီလို ၅၀၀၊ ပိုတက်စီယမ်ကလိုရိုဒ် ဂရမ် ၅၀၀၊ ဆိုဒီယမ်မက်တယ် ၃ ဒသမ ၆ ကီလို၊ အရိုးမီးသွေးလေးအိတ်၊ လက်နက်မျိုးစုံ လေးလက်၊ မော်တော်ယာဉ် တစ်စီး၊ ဆိုင်ကယ်တစ်စီး၊မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းမျိုးစုံ ၁၃မျိုးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွတ်ခိုင်မြို့နယ် နမ့်ဆောင်ကျဲကျေးရွာနှင့် နမ့်ပြင်းကျေးရွာ အကြားရှိ ဘိန်းချက်စခန်းမှ သိမ်းဆည်းရမိခဲ့သော မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)





ပြည်နယ်နှင့်တိုင်းလူသစ်တန်းဘောလုံးပြိုင်ပွဲ မန္တလေးတိုင်းက စစ်ကိုင်းတိုင်းကိုနိုင်ပြီးဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၃

စတုတ္ထအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၂ ရက် ညနေ ၃ နာရီခွဲက မုံရွာမြို့ တိုင်းအားကစားကွင်းတွင် ကျင်းပသည်။

ပြိုင်ပွဲ မစတင်မီ နှစ်ဖက်အသင်းမှ ဘောလုံးသမားများအား စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က လိုက်လံနှုတ်ဆက်အားပေးပြီး ပြိုင်ပွဲကိုယှဉ်ပြိုင်ကစားကြရာ အချိန်ပို မိနစ် ၃၀ ပြီးသည်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲ ဖြစ်နေသဖြင့် ပယ်နယ်တီ ငါးလုံးစီကန်ကြရာ မန္တလေးတိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်လုပွဲတွင် အကောင်းဆုံး အားကစားသမားဆုရရှိသော စစ်ကိုင်းတိုင်းအသင်းက ခိုင်မင်းသန့်အား တိုင်းအတွင်းရေးမှူးက ဆုချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးက ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့သော မုံရွာမြို့ရှိ အထက်တန်းကျောင်း ငါးကျောင်းအား ငွေကျပ်တစ်သိန်းစီကိုလည်းကောင်း၊ သိုင်းသရုပ်ပြအဖွဲ့အား ငွေကျပ်တစ်သိန်းနှင့် သိုင်းဝတ်စုံ ၃၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဆုရရှိသော စစ်ကိုင်းတိုင်းအသင်းသားများအား တိုင်းစည်ပင် ညွှန်ကြားရေးမှူး ဦးစိုးတင့်ကလည်းကောင်း၊ ပထမဆုရရှိသော မန္တလေးတိုင်းအသင်းသားများအား မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနောင်ကလည်းကောင်း၊ အကောင်းဆုံး ဂိုးသမားဆုရ ပဲခူးတိုင်းအသင်းမှ ထွန်းလင်းစိုး၊ နောက်တန်းအကောင်းဆုံးဆုရ မန္တလေးတိုင်းအသင်းမှ အောင်ဝင်းလှိုင်၊ အလယ်တန်းအကောင်းဆုံးဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းမှ လွင်လွင်နိုင်၊ ရှေ့တန်းအကောင်းဆုံးဆုရ မန္တလေးတိုင်းအသင်းမှ ဇင်လင်းအောင်၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရ စစ်ကိုင်းတိုင်းအသင်းမှ တွမ်နယ်မန်းနှင့် အကောင်းဆုံးအသင်းအုပ်ချုပ်သူဆု၊ အကောင်းဆုံး အတွင်းရေးမှူးဆု၊ အကောင်းဆုံးနည်းပြဆရာဆု၊ ဒိုင်လူကြီးဆု၊ ဂျာနယ်ဆု၊ ဓာတ်ပုံဆု၊ ဆောင်းပါးဆုများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အသန့်ရှင်းဆုံးအသင်းဆုရ ပဲခူးတိုင်းအသင်းအား ဆုငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ ပူးတွဲတတိယဆုရ ပဲခူးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းတို့အား ဆုငွေကျပ်တစ်သိန်းခွဲစီကို လည်းကောင်း ဒုတိယတိုင်းမှူးက ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးက ဒုတိယဆုရ စစ်ကိုင်းတိုင်းအသင်းအား ဆုငွေကျပ် လေးသိန်းကိုလည်းကောင်း၊ ပထမဆုရ မန္တလေးတိုင်းအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ဆုငွေကျပ် ခုနစ်သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပရိဘောဂဆိုင်သစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၃

ROYAL Modern Furniture Mart(2) ဖွင့်ပွဲကို တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ဆရာစံ ပလာဇာ ဒုတိယထပ်တွင် ဩဂုတ် ၃ ရက်က ကျင်းပခဲ့သည်။ ROYAL Modern Furniture Mart တွင် ရုံးသုံးပရိဘောဂများ၊ အိမ်သုံးပရိဘောဂများ၊ မီးခံသေတ္တာများကို အိမ်အရောက်ပို့ဆောင်ပေးသော စနစ်ဖြင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချပေးလျက်ရှိရာ ROYAL Modern Furniture Mart နှင့်ဆက်သွယ်လိုပါက ဖုန်း-၂၀၀၇၄၇ (လိုင်းခွဲ-၅၄၀၀/၅၅၀၀) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စီမံခန့်ခွဲမှုပညာရပ် ဒီပလိုမာသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

United Engineering Co.,Ltd.(Myanmar)၊ Informatics Holding Co.,Ltd. (Singapore) ၊Sumitomo Corporation (Singapore)တို့ ပူးပေါင်း ဖွင့်လှစ်သည့် Thames Management Center ၌ ယခုအခါ နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်မှုကို အထောက်အကူပြုစေရန်နှင့် နိုင်ငံသားတိုင်း အဆင့်မြင့် စီမံခန့်ခွဲမှုပညာရပ်များကိုလွယ်လင့်တကူ တက်ရောက်သင်ကြားနိုင်ရန် ရည်ရွယ်လျက် သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ် သင်ကြားပေးလျက်ရှိရာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ စီးပွားရေးနှင့် ဈေးကွက် စီမံခန့်ခွဲမှုပညာရပ်များ အမှန်တကယ် တတ်ကျွမ်းလိုသူများ၊ လက်ရှိ စီမံခန့်ခွဲ လုပ်ကိုင်နေသူများ၊ ပြည်တွင်းပြည်ပ စီးပွားရေး လုပ်ငန်းကြီးများတွင် စီမံခန့်ခွဲ လုပ်ကိုင်လိုသူများ၊ နိုင်ငံတကာ အသိအမှတ်ပြု အောင်လက်မှတ်များ ရယူလိုသူများ၊ ဆက်လက်သင်ကြားလိုသူများ အားလုံးတက်ရောက်နိုင်ပြီး သင်တန်းများ ပြီးဆုံးပါက University of Combridge Local Examinations Syndicate မှ Diploma အောင်လက်မှတ်များ ရရှိမည်ဖြစ်ပြီး ဘာသာရပ်တစ်ခုချင်းအတွက် Singapore Thames International မှ Certificate of Achievement များ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

DBA. DMPR, HDBA, ADBAသင်တန်းအားလုံးကို ဩဂုတ် ၂၂၊ ၂၃၊ ၂၄ ရက်နေ့များတွင် ဖွင့်လှစ်မည်ဖြစ်ရာ အမှတ် ၂၂၀၊၂၂၂ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ် ဖုန်း-၂၀၀၃၄၃ ၊ ၂၀၃၁၈၈၊ ၂၉၆၈၂၆ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်သည်။

(က-ပ)

အားကစားကလောင်ရှင်ဖေသိန်း ပြုစုပြီး မိုးမခစာပေတိုက်၊ အမှတ် ၁၂၀၊ ဦးညိုလမ်းသွယ် ၆၊ ဝေဠုဝန်မြောက်ပိုင်းရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေဖြန့်ချိသည့်၂၀၀၃-၂၀၀၄ဘောလုံးရာသီ အင်္ဂလိပ်ပရီးမီးယားလိဂ်လက်စွဲစာအုပ်မျက်နှာဖုံး။(က-ပ)

နေရာကွက်ကျား

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ဘာသာစကားသင်တန်းများဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

ဦးကိုဦး(B.Sc)ကိုယ်တိုင် အင်္ဂလိပ်စကားပြော လေ့ကျင့်ခန်း သင်ရိုးသစ်များဖြင့် Aung Language Center တွင် လစဉ်ပုံမှန် သင်တန်းကို စနေနှင့်တနင်္ဂနွေနေ့များတွင် အပတ်စဉ် နံနက် ၈ နာရီမှ ၁၀ နာရီအထိ၊ညနေ ၃ နာရီခွဲမှ ၅ နာရီအထိ တစ်ရက်နှစ်ကြိမ်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထို့အပြင် တရုတ်ဘာသာကို ဒေါ်ဖြူဖြူက စနေနှင့်တနင်္ဂနွေ နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ၊ ဂျပန်ဘာသာကို တနင်္လာမှ သောကြာအထိ တစ်ပတ်ငါးရက် သင်ကြားပေးမည်ဖြစ်ရာ အရှေ့ရန်ကင်း၊ တိုက် ၂၈၂၊ အခန်း ၁၊ ရန်ကင်းကြားမှတ်တိုင်အနီး၊ ရန်ကင်းသဲကွင်းအနီး၊ ဖုန်း-၅၄၂၉၂၀သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဩဂုတ် ၁၃ ရက်က ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမျိုးညွန့်နှင့်အဖွဲ့ဝင်များ အလုံမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းကျန်းမာရေး လှုပ်ရှားမှုများကို လှည့်လည်ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

ဥရောပချန်ပီယံဖလားဘောလုံးပွဲ ခြေစစ်ပွဲ စပိန်နှင့်ယူကရိန်းအသင်းများနိုင်

ဥရောပချန်ပီယံဖလား ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ခြေစစ်ဘောလုံးပြိုင်ပွဲများကို တတိယအဆင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၂ ရက်က စတင်ပြုလုပ်ခဲ့ရာ ပထမအကျော့ပွဲများအဖြစ် သုံးပွဲကစားခဲ့သည်။ ယခုတတိယအဆင့်သို့ ဒုတိယအဆင့်မှ အနိုင်ရတက်လာကြသည့် ကလပ်အသင်း ၁၄ သင်းတက်လာကြသည်။

ဩဂုတ် ၁၂ ရက်က တတိယအဆင့် ပထမအကျော့ပွဲများပြုလုပ်ရာ စပိန်မှ ဆယ်လ်တာဗီဂိုက ချက်မှ ဆလားဗီးယားပရပ်ကို စပိန်တွင် သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။

ယူကရိန်းမှ နာမည်ကြီး ဒိုင်နမိုကီးယက်ဗ်ကလည်း ကီးယက်ဗ်ကွင်းတွင် ခရိအေးရှားမှ ဒီနာမိုဇာဂရက်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ ပထမပိုင်းကပင် ကီးယက်ဗ်က နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရနေသည်။

ဩစတြီးယားမှ ဂရားစ်အေကေနှင့် ဟော်လန်မှနာမည်ကြီး အိုင်းယတ်စ်တို့ ဩစတြီးယားတွင် ပထမအကျော့ပွဲကစားရာ တစ်ဂိုးစီ သရေကျသွားသည်။ အိုင်းယတ်စ်ရှုံးနေပြီးမှ သရေဂိုးရခြင်းဖြစ်သည်။

ဥရောပချန်ပီယံဖလားပွဲ တတိယအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ပွဲများကို ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဆက်လက်ကစားရမည်။ တတိယအဆင့် ခြေစစ်ပွဲတွင် တိုက်ရိုက်ပါဝင်ကစားခွင့်ရသူတို့မှာ ချက်မှ စပါတာပရပ်၊ စကော့တလန်မှ ရိန်းဂျား၊ အင်္ဂလန်မှ နယူးကာဆယ်နှင့် ချယ်လ်ဆီး၊ စပိန်မှ ဒီပို့တီဗိုနှင့် ဆယ်လ်တာဗီဂို၊ ဟော်လန်မှ အိုင်းယတ်စ်၊ တူရကီမှ ဂါလာတာဆာရေး၊ ဂရိမှ အေအီးကေ၊ ဆွစ်ဇာလန်မှ ဂရားစ်ဟော့ပါးစ်၊ ယူကရိန်းမှ ဒိုင်နမိုကီးဒယက်ဗ်၊ ဂျာမနီမှ ဒေါ့တ်မွန်၊ ဘယ်ဂျီယံမှ ဘရူဂေး၊ ပြင်သစ်မှ မာဆေး၊ ဩစတြီးယားမှ ဖီယင်နား၊ အီတလီမှ လာဇီယို၊ ပေါ်တူဂီမှ ဘင်ဖီကာနှင့် ရုရှားမှ လိုကိုမိုးတစ်အသင်းတို့ ဖြစ်ကြသည်။

ကမ္ဘာ့လူငယ်ပွဲ

(ယူ-၁၇)နှစ်အောက် ကမ္ဘာ့လူငယ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲများ ဩဂုတ် ၁၃ ရက်က စပြီး ဖင်လန်နိုင်ငံတွင် ပြုလုပ်နေပြီဖြစ်ရာ ဩဂုတ် ၁၄ ရက် အုပ်စု(ဂ)နှင့် (ဃ)တို့မှ ပွဲများကစားရမည်ဖြစ်သည်။

ဩဂုတ် ၁၄ ရက် အုပ်စု(ဂ)

အုပ်စု(ဂ)ပွဲများအဖြစ် နာမည်ကြီး ပေါ်တူဂီနှင့် ပထမအကြိမ် ပါဝင်ကစားဖူးသူ ယီမင်တို့ ဩဂုတ် ၁၄ ရက်တွင် ကစားရသကဲ့သို့ နာမည်ကြီး ဘရာဇီးနှင့် ကင်မရွန်းတို့လည်း ကစားရမည်ဖြစ်သည်။

ဩဂုတ် ၁၄ ရက် အုပ်စု(ဃ)

ဩဂုတ် ၁၄ ရက် အုပ်စု(ဃ)ပွဲများအဖြစ် အာရှမှ တောင်ကိုရီးယားနှင့် အမေရိကန်တို့ ကစားရပြီး စပိန်နှင့် အာဖရိကမှ ဆီရာလီယွန်တို့လည်း ကစားရမည်ဖြစ်သည်။ (ယူ-၁၇)နှစ်အောက် ကမ္ဘာ့လူငယ်ဘောလုံးပြိုင်ပွဲတွင် ၁၆ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ကစားနေကြသည်။

မန်ယူလူသစ်နှစ်ဦးခေါ်

ပရီမီးယားရှစ်ပြိုင်ပွဲ ချန်ပီယံမန်ယူအသင်းသည် ဘရာဇီးလက်ရွေးစင်အလယ်တန်းလူကလေဘာဆင်နှင့် ပေါ်တူဂီစပို့တင်းလစ္စဘွန်းအသင်း တိုက်စစ်မှူး (၁၈နှစ်)အရွယ်ခရစ်ရှန်ရိုနယ်ဒိုကို အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်သည်။ **(က-ပ)**

ကုမ္ပဏီလမ်းညွှန် စီးပွားရေးပညာပေးသင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၃

စီးပွားရေး အသိပညာများ ပိုမိုတတ်သိခြင်းဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်စေရေး ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီလမ်းညွှန် စီးပွားရေးပညာပေး သုံးလသင်တန်းကို ဩဂုတ် ၂၁ ရက်မှ စတင်၍ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းတွင် စီးပွားရေး လုပ်ငန်း အဖွဲ့အစည်းများ စနစ်တကျ တည်ထောင်ခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း နည်းလမ်းများ၊ သွင်းကုန်ထုတ်ကုန် လုပ်ထုံးလုပ်နည်းများ၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု ဈေးကွက် ထိုးဖောက်ခြင်း နည်းဗျူဟာများ၊ စီးပွားရေး လုပ်ငန်းသုံးဝေါဟာရများ ရှင်းလင်းချက်၊ Brian Tracy၏ စီးပွားရေး လုပ်ငန်းများ အောင်မြင်မှုသော့ချက် ၁၀၀ အပါအဝင်ဘာသာရပ်များကိုအင်တာနက်မှ ထုတ်ယူရရှိသော အချက်အလက်များနှင့် ပေါင်းစပ်၍ သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည်ကုမ္ပဏီလမ်းညွှန်၊ အမှတ် ၂၇၆၊ ၃၉ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၂၄၂၅၈၃ သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖွံ့ဖြိုးတိုးတက်နေသော မြေလတ်မြို့တော် မကွေး၏ လေယာဉ်ကွင်းသစ်

ကျော်ဇောလင်း
(မကွေး)

မြေပြင်
ရေပြင်
ဝေဟင်ခရီး။
လမ်းဖောက်
တံတားဆောက်
လေယာဉ်ပျံ လူးလာခေါက်။
မီးရထား ကား လွှန်းပြန်ပေါက်
စက်လှေ သင်္ဘော ကုန်စည်မှောက်
အညာအကြေ အထက်အောက်။
နယ်စွန် နယ်စပ် တစ်လျှောက်
တံ့နှေးကြာ ခရီးမထောက်
အရောက်မြန်လို့နီး။ ။

တို့ခေတ် ခေါင်းစဉ်ဖြင့် ပို့ဆောင်ရေးမဂ္ဂဇင်း (၁၉၉၇) တွင် ကဗျာဆရာ မောင်ပြည့်လှိုင်း(သံတွဲ)၏ ကဗျာကို စာရေးသူအကြိမ်ကြိမ် ရွတ်ဆိုနေမိသည်။ စာရေးသူတို့ခေတ်တွင် လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍများ အံ့မခန်းလောက်အောင်ပင် တိုးတက် ကောင်းမွန်ခဲ့သည်။ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်မှု အဆင့်ဆင့် မြင့်မားစေရေးတွင် အရေးပါသည့် လမ်းပန်းဆက်သွယ် ရေးများ ကောင်းမွန်စေရန် အစီအမံများကို ချမှတ် အကောင်အထည်ဖော် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်း မော်တော်ကားလမ်း၊ ရထားလမ်းသစ်များနှင့် လေယာဉ်ကွင်းသစ်များ တိုးတက်ကောင်းမွန်စေရေး အဆင့်မြှင့် တိုးချဲ့ဖောက်လုပ်လျက်ရှိသည်။ ပြည်ထောင်စုလမ်းသစ်များနှင့်အတူ တံတားကြီး၊ တံတားငယ်များ အသွယ်သွယ် တည်ဆောက်ပေးလျက်ရှိရာ ပြည်နယ်၊တိုင်း ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူ ကူးသန်းသွားလာနိုင်ကြပြီ ဖြစ်သည်။

နိုင်ငံတော်၏ ပို့ဆောင်ရေးစနစ်ကိုကြည့်လျှင် ရထားပို့ဆောင်ရေးကဏ္ဍ၊ မော်တော်ယာဉ်ပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများ အစဉ်ချောမွေ့ ကောင်းမွန်စေရေးတို့ကို အမြဲအလေးပေး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။

တစ်နေရာမှတစ်နေရာသို့ သွားလာရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပင့်ကူယှက် ရွှေလမ်း၊ ငွေလမ်း၊ ကားလမ်း၊ ရထားလမ်း၊ မြစ်ကူးတံတားကြီးများနှင့် လေယာဉ်ကွင်းများသည် နိုင်ငံတော်တိုးတက်ရေးအတွက် အဓိကကျသော မောင်းနှင်အားအရင်းအနှီးများပင် ဖြစ်တော့သည်။

စာရေးသူတို့ မြေလတ်မြို့တော် မကွေး၏ လေယာဉ်ကွင်းသစ်ဖွင့်ပွဲကို ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး လေကြောင်းပို့ဆောင်ရေးကဏ္ဍအခန်းသစ်ကမ္ဘည်းမော်ကွန်းတင်နိုင်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရအကောင်အထည်ဖော် ဆောင်ရွက်နေသည့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ ကျေးဇူးကြောင့် ထိုရက်များက အညာမြေလတ်ဒေသတွင် ရွှေမိုး ငွေမိုးများ နေ့စဉ်ရွာသွန်းဖြိုးလျက်ရှိခဲ့သည်။ လေယာဉ်ကွင်းသစ်ဖွင့်ပွဲ နံနက်အချိန်ပိုင်းကလေး အတွင်းသာ ကောင်းကင်တွင်မိုးသားများကင်းစင်ပြီး နေအလင်းရောင်များ ဖြာထွက်လာသဖြင့် ဝမ်းသာကြည်နူးရသည်။

မကွေးလေဆိပ်၏ မူလလေယာဉ်ပြေးလမ်းအဟောင်းသည် စစ်ကြိုခေတ်က တည်ဆောက်ခဲ့သည့် လေယာဉ်ပြေးလမ်းဖြစ်ပြီး ၁၉၅၂ ခုနှစ်တွင် ဂဝံကျောက် ၁၂ လက်မထုခင်းချတည်ဆောက်ထားသော အလျားပေ ၄၈၀၀၊ အကျယ်ပေ ၁၀၀ ရှိ လေယာဉ်ကွင်းတစ်ကွင်းဖြစ်သည်။ မူလပြေးလမ်း၏ တောင်ဘက်တွင် ကားလမ်းရှိပြီး မြောက်ဘက်တွင် လျှိုမြောင်ကြီးများရှိသည့်အတွက် ဆက်လက်တိုးချဲ့မှု အခြေအနေ မကောင်းခဲ့ပေ။ ထို့ကြောင့် မကွေးမြို့ အရှေ့ဘက် ဆားတိုင်ကန်ကျေးရွာအနီးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လေယာဉ်ကွင်းသစ်ကြီးကို နိုင်ငံတကာအဆင့်မီ မြန်မာအင်ဂျင်နီယာများဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ပြေးလမ်း ပထမအဆင့်သည် အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀၊ ထု ၂၂ လက်မရှိပြီး ကွန်ပျူတာများဖြင့် အရည်အသွေးမြင့်မားသည့် ပုံစံထုတ်လုပ်၍ တိုးတက်နေသော ခေတ်မီနည်းစနစ်ဖြင့် အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ခြင်း

ဖြစ်သည်။ လေယာဉ်ပြေးလမ်းမှာ အလေးချိန်ပေါင် သုံးသိန်းခြောက်သောင်းကျော်ရှိသည့် Air Bus အမျိုးအစားဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်။ လေယာဉ်ကွင်းသစ်ကြီးတည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရက ငွေကျပ်သန်းပေါင်း ၆၇၆၁ သန်းကျော်ကုန်ကျပြီး တိုးမြှင့်ဆောက်လုပ်ဖွယ်ရာ လုပ်ငန်းများကို ဘဏ္ဍာငွေ အများအပြား ကျခံကာ ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံတော်အစိုးရသည် ပို့ဆောင်ရေးကဏ္ဍတိုင်း အစဉ်တိုးတက် မြင့်မားရေးကို ကြိုးပမ်းလျက်ရှိရာ ၁၉၈၈ ခုနှစ်၌ လေကြောင်းပို့ဆောင်ရေးအတွက် အသုံးပြုနိုင်သော လေယာဉ်ကွင်းပေါင်း ၂၁ ကွင်းသာရှိခဲ့ရာမှ ယခုလေယာဉ်ကွင်း ၅၅ ကွင်းအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီဖြစ်သည်။ လေယာဉ်ကွင်း ၂၁ ကွင်းတွင် ဖော်ကာ F-28 ဂျက်လေယာဉ်ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းခြောက်ကွင်းသာရှိခဲ့ပြီး ယနေ့ဆိုလျှင် ၁၆ ကွင်းအထိ တိုးတက်လာခဲ့ပြီးဖြစ်သည်။ ရှိပြီးလေယာဉ်ကွင်းများကို လေယာဉ်ကြီးများဆင်းသက်နိုင်အောင် ပြေးလမ်းများ အဆင့်မြှင့်တိုးချဲ့ ဆောင်ရွက်ပေးနေသည့်အပြင် လေယာဉ်ကွင်းသစ်ခုနစ်ကွင်းကိုလည်း အသစ်တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ချိန်ခွင်လျှာပမာ ညီညွတ်မျှတစွာ တိုးတက်ဖွံ့ဖြိုး စည်ပင်ရေးအတွက် နိုင်ငံအတွင်း ဒေသကြီး ၂၄ ခု စိတ်ဖြာပိုင်းခြားလျက် ခွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းဆောင်ရွက်နေရာ မကွေးမြို့သည်လည်း တစ်မြို့အပါအဝင်ဖြစ်သည်။

ထို့ကြောင့် လေယာဉ်ကွင်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

"မြန်မာပြည်အလယ်ပိုင်း မြေလတ်မြို့တော်ဟု ဆိုရမည့် မကွေးမြို့ ဒေသကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေဖို့ နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးရေးအစီအမံများ တစ်ခုပြီးတစ်ခု အစီအရီစီမံတည်ဆောက်ပေးလျက်ရှိတာကို မကွေးတိုင်းမှာ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ အသိဆုံးပင်ဖြစ်ကြောင်း၊ မကွေးလေယာဉ် ကွင်းသစ်ကြီးနှင့် လေဆိပ်သစ်ကြီး ထပ်မံပေါ်ထွက်လာခြင်းသည် မကွေးဒေသ၏ ရရှိဖြစ်ထွန်းစ ပြုနေပြီဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထူးထူးခြားခြား ထပ်ဆင့်မြှင့်တင်ပေးနိုင်မည့်တိုးတက်ဖြစ်ထွန်းမှုတစ်ခုဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း"

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်အဖွဲ့ လေယာဉ်ကွင်းသစ်ဖွင့်ပွဲ မတိုင်မီ လေယာဉ်ကွင်းသစ်၌ စမ်းသပ်ဆင်းသက်ခဲ့စဉ်။

ဟု ထည့်သွင်းပြောကြားသွားခဲ့သည်။

နိုင်ငံတော်အစိုးရသည် မကွေးတိုင်းအတွင်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အဘက်ဘက် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကဏ္ဍပေါင်းစုံ ဆောင်ရွက်ပေးလျက်ရှိသည်။ လယ်ယာကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်၊ ရေလှောင်တမံစီမံကိန်း ၂၅ ခု တည်ဆောက်ခဲ့ပြီး ၁၀ ခုကို ဆက်လက်တည်ဆောက်ဆဲ၊ မြစ်ရေတင်စီမံကိန်း ၁၁ ခု တည်ဆောက်ပြီးစီးခဲ့ပြီး သုံးခုမှာ တည်ဆောက်ဆဲဖြစ်သည်။

ထိုသို့ ဆည်ရေလှောင်တမံများ မြစ်ရေတင်စီမံကိန်း တည်ဆောက်ပေးနိုင်ခဲ့သဖြင့် မြေကြီးကရွှေသီးနိုင်ရန် စိုက်ပျိုးမြေ ၂၀၃၀၃၅ ဧကကို ဆည်ရေသောက်ဧရိယာများအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

၂၀၀၂–၂၀၀၃ ခုနှစ်တွင် စားနပ်ရိက္ခာအတွက် မိုးစပါးနှင့် နွေစပါး ၆၃၇၂၄၂ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသဝမ်းစာ ဆန် ၇၃ဒသမ၂၇ ရာခိုင်နှုန်း ဖူလုံနိုင်ခဲ့သည်။ ၂၀၀၃–၂၀၀၄ ခုနှစ်တွင်လည်း ဒေသဝမ်းစာဖူလုံမှု ၈၃ဒသမ ၂၁ ရာခိုင်နှုန်း ရရှိအောင် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၂ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဧရာဝတီတံတား(မကွေး)ကို ဖွင့်လှစ်ပေးခဲ့ပြီး ဧရာဝတီမြစ်အရှေ့ဘက်နှင့် အနောက်ဘက်ဒေသတို့ကို ရွှေလမ်းငွေလမ်း ဖောက်လုပ်သွယ်တန်းပေးခဲ့သည်။

မြစ်ကူးတံတားကြီးများဖြစ်သည့် ဧရာဝတီတံတား(မကွေး)ချောက်၊ အနော်ရထာတံတား၊ ဆင်ဖြူရှင်တံတားတို့အပြင် ပေ ၂၀၀အထက် တံတားကြီး ၁၀ စင်းတည်ဆောက်ပေးခဲ့သည်။ တိုင်းအတွင်း ၁၉၈၈ နောက်ပိုင်းကတ္တရာလမ်းအရှည် မိုင် ၄၇၀၊ မကွေး–တောင်တွင်းရထားလမ်း၊ တောင်တွင်း– အောင်လံ–ပြည် ရထားလမ်း၊ ပခုက္ကူ–ဂန့်ဂေါ–မုံရွာ ရထားလမ်း စုစုပေါင်း ၃၃၄ မိုင် ဖောက်လုပ်နိုင်ခဲ့သည်။

ပညာရေးကဏ္ဍအနေဖြင့် မကွေးမြို့ပေါ်တွင် ဆေးတက္ကသိုလ်၊ အခြေခံ ကျန်းမာရေးတက္ကသိုလ်၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာကောလိပ်၊ နည်းပညာကောလိပ်၊ ပညာရေးကောလိပ်ခြောက်ခုရှိပြီး မကွေးတိုင်းတစ်တိုင်းလုံးအတွင်း တက္ကသိုလ်၊ ကောလိပ် ၁၄ ခုတည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ဒေသအတွင်းမှာပင် အဆင့်မြင့်ပညာများလွယ်ကူစွာ သင်ကြားနိုင်ခဲ့ပြီး ရပ်ဝေးမှာသွားပြီး ပညာသင်ကြားရန် မလိုတော့ပေ။

ကျန်းမာရေးကဏ္ဍအတွက် မကွေးတိုင်းအတွင်း တိုင်းနှင့်မြို့နယ်အဆင့် ဆေးရုံ ၂၅ ရုံ၊ တိုက်နယ်အဆင့် ဆေးရုံ ၃၆ ရုံ၊ ဒေသန္တရကျန်းမာရေးဌာန လေးခု၊ ကျောင်းကျန်းမာရေးဌာန ခြောက်ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ၂၈ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၁၁၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၆၀၄ ခု၊ တိုင်းရင်းဆေးရုံတစ်ခုနှင့် တိုင်းရင်းဆေးကုဌာန ၁၆ ခုတို့ ဖွင့်လှစ်ထားရှိပြီး ပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိသည်။

မကွေးတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကား မနေ့ကနှင့် ယနေ့ မတူညီလောက်အောင် တစ်နေ့တခြား တိုးတက်ဖွံ့ဖြိုးလျက် မြန်မာနိုင်ငံ၏ တတိယမြို့တော်အဖြစ် ဌားဌားစွင့်စွင့် ပွင့်လင်းထွက်ပေါ်လာပေတော့မည်။

လေယာဉ်ကွင်းသစ်ကြီး ပြီးစီးပါက နိုင်ငံတကာလေယာဉ်များပင် အလွယ်တကူ ဆင်းသက်နိုင်တော့မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို လွန်စွာ အထောက်အကူဖြစ်စေသော မကွေးတိုင်းဂုဏ်ဆောင် **မြေလတ်မြို့တော် မကွေး၏ လေယာဉ်ကွင်းသစ် ဖွင့်ပွဲအောင်ပွဲ** ကို ဂုဏ်ပြုရေးသားအပ်ပေသည်။ ။

ဇူလိုင် ၂၉ ရက်က မိုးကုတ်မြို့ ကျောက်မျက်ရတနာ တူးဖော်ရေးဌာနမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူ ဝန်ထမ်းမိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးအရာရှိဦးသိန်းထွန်းက ကျောက်မျက်တူးဖော်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းလတ်ထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။
(မြို့နယ် ပြန်/ဆက်)

ဇူလိုင် ၈ ရက်က တာချီလိတ်မြို့ စတုတ္ထအကြိမ် အမျိုးသား ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ခရိုင်ဆရာဝန်ကြီးဒေါက်တာချစ်သိန်းနှင့်အဖွဲ့ မြို့မဈေး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို ကြီးကြပ်ပေးစဉ်။
(မြို့နယ် ပြန်/ဆက်)

၂၀၀၃ ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

စန္ဒရားအတီးပြိုင်ပွဲ၊ စောင်းအတီးပြိုင်ပွဲ၊ နှဲပြိုင်ပွဲ၊ တယောပြိုင်ပွဲ၊ မယ်ဒလင်ပြိုင်ပွဲနှင့် ဂီတာပြိုင်ပွဲအတွက် ရွေးချယ်သတ်မှတ်ထားသောသီချင်းများ

(ယမန်နေ့က အဆက်)

စန္ဒရား အတီးပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်အဆင့်

(က) တောမြိုင်စွန်း (ယိုးဒယား)
(ခ) ဇာတိအာဏာ (ယိုးဒယား)
(ဂ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဃ) စိန်ခြယ်ညီးလင်း (မွန်)
(င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(စ) ရွှေညီလာနှင့်မြင်းခင်း (လေးထွေသံကတ်နှင့်ကြိုး)
(ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဇ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)

၂။ ဝါသနာရှင်အဆင့်

(က) နန်းသီဟိုဠ် (ယိုးဒယား)
(ခ) ပန်းဟေဝန် (ယိုးဒယား)
(ဂ) ညီတော်မင်းနန် (ခေတ်ဟောင်းကာလပေါ်) (ဦးစိန်ကတုံး)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မြသိုင်ငယ်စိမ်းနု (ဘွဲ့)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) ရှင်သီဝလိ (ခေတ်ဟောင်းကာလပေါ်) (ပြည်လှဖေ)

၄။ အခြေခံပညာ (၁၅-၂၀)အဆင့်

(က) တောနှင့်တောင်စွယ် (ယိုးဒယား)
(ခ) မိုးမင်းလွန်ကဲ (ကြိုး)
(ဂ) မိုး (ကာလပေါ်) (ကိုမြကြီး)

၅။ အခြေခံပညာ (၁၀-၁၅)အဆင့်

(က) မင်္ဂလာသီရိ (ဘွဲ့)
(ခ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
(ဂ) ကျေးစေတမန် (ကာလပေါ်) (မေရှင်)

၆။ အခြေခံပညာ (၅-၁၀)အဆင့်

(က) ဇေယျာမြို့ (ကြိုး)
(ခ) ဘုံဆောင်မြင့် (ကြိုး)
(ဂ) မေတ္တာ (ကာလပေါ်) (မြသက်မှူ)

စောင်း အတီးပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်အဆင့်

(က) ထောင်ရောင်နေကသာ (သီချင်းခံ)
(ခ) အင်ကြင်းသရဖီ (ယိုးဒယား)
(ဂ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဃ) ဖြူပြာမှုရာ (ပတ်ပျိုး)
(င) အောင်မြေသာစံ (ပတ်ပျိုး)
(စ) စိန်မြရံခြယ် (မွန်)
(ဆ) ဂန္ဓမာတောင် (ပတ်ပျိုး)
(ဇ) သပြေပင်ဝန်း (ကြိုး)

၂။ ဝါသနာရှင်အဆင့်

(က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ခ) ဥကင်ဘုံမြင့် (ဘွဲ့)
(ဂ) ရာပြည်မင်းငယ်တို့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်

(က) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ခ) မိုးမင်းလွန်ကဲ (ကြိုး)
(ဂ) ဟေဝန်မြိုင်လမ်း (ယိုးဒယား)

၄။ အခြေခံပညာ (၁၅-၂၀)အဆင့်

(က) ကုန်းဘောင်အာဟိန်ညွန့်ညွန့် (ပတ်ပျိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) ဇေယျာအောင်ချာ (ကြိုး)

၅။ အခြေခံပညာ (၁၀-၁၅)အဆင့်

(က) ဂန္ဓမာတောင် (ဘွဲ့)
(ခ) ဆန်းနွေဦး (ယိုးဒယား)
(ဂ) သီတာသီတာရောကြီး (ကြိုး)

၆။ အခြေခံပညာ (၅-၁၀)အဆင့်

(က) ဇေယျာမြို့ (ကြိုး)
(ခ) မြို့နန်း (ကြိုး)
(ဂ) ထံတျာတေရှင် (ကြိုး)

နှဲ ပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်အဆင့်

(က) စိန်ခြယ်ညီးလင်း (မွန်)
(ခ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ဂ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဃ) ရွှန်းရွှန်းမြ (သီချင်းခံ)
(င) အောင်မြေသာစံ (ပတ်ပျိုး)
(စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဆ) ခိုင်ပန်းစုံ (ယိုးဒယား)
(ဇ) ရွှေပန်းပန်နှင့်ရွှေညီလာ (လေးထွေသံကတ်)

၂။ ဝါသနာရှင်အဆင့်

(က) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ခ) မှန်ရဝေ (ပတ်ပျိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)

၄။ အခြေခံပညာ (၁၅-၂၀)အဆင့်

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) ဝေဇယန်နှင့် နှုန်းငြား (ကြိုး)
(ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀-၁၅)အဆင့်

(က) မြရည်နန္ဒာ (ဘွဲ့)
(ခ) ဇေယျာမြို့ (ကြိုး)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၆။ အခြေခံပညာ (၅-၁၀)အဆင့်

(က) သီတာသီတာမြသား (ကြိုး)
(ခ) ဝေဘာဂီရိ (ကြိုး)
(ဂ) စံရာတောင်ကျွန်း (ကြိုး)

တယော ပြိုင်ပွဲအတွက် ရွေးချယ်ထားသောသီချင်းများ

၁။ ပညာရှင်အဆင့်

(က) အောင်မြေမြမန်း (ပတ်ပျိုး)
(ခ) အောင်မြေသာစံ (ပတ်ပျိုး)
(ဂ) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ဃ) ပန်းဟေဝန် (ယိုးဒယား)
(င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(စ) အထူးထူးငယ်နှင့် (ပတ်ပျိုး)
(ဆ) မှိုင်းပြာဝေ (ပတ်ပျိုး)
(ဇ) ရွှန်းရွှန်းမြ (သီချင်းခံ)

၂။ ဝါသနာရှင်အဆင့်

(က) ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)
(ခ) ဖြူပြာမှုရာ (ပတ်ပျိုး)
(ဂ) နီးအောင်ပင်လှမ်း (ခေတ်ဟောင်းကာလပေါ်) (မကြည်အောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) ဇမ္ဗူတောင်ညာ (ပတ်ပျိုး)
(ဂ) နဂါးနီ (ခေတ်ဟောင်းကာလပေါ်) (ခင်မောင်ရင်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)
(ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ဂ) ဇာတိနွယ် (ခေတ်ဟောင်းကာလပေါ်) (မကြည်အောင်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က) မြန်ခန်းကျွန်းတွင်း (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) မေတ္တာဂုဏ် (ခေတ်ဟောင်းကာလပေါ်) (ပြည်လှဖေ)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က) သာယာ (ကြိုး)
(ခ) သီလာမြေယံ (ကြိုး)
(ဂ) တပ်မတော်အင်အား (ခေတ်ဟောင်းကာလပေါ်) (အဖွဲ့)

မယ်ဒလင် ပြိုင်ပွဲအတွက် သတ်မှတ်ထားသောတေးသီချင်းများ

၁။ ပညာရှင်အဆင့်

(က) စိန်ကြောင်နီလာ (ပတ်ပျိုး)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မန်းတောင်လကျာ (ယိုးဒယား)
(ဃ) တောင်ဟေဝန်လယ် (ယိုးဒယား)
(င) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) မန္တလာဘုံ (ဘွဲ့)
(ဇ) ပုံပမာ (ကြိုး)

၂။ ဝါသနာရှင်အဆင့်

(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) မင်းကုသ (ခေတ်ဟောင်းကာလပေါ်) (ဥသြဘသောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က) တောနဲ့တောင်စွယ် (ယိုးဒယား)
(ခ) ဇေယျာအောင်ချာ (ကြိုး)
(ဂ) တေမိယ (ခေတ်ဟောင်းကာလပေါ်) (မေရှင်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က) တောင်တောသာယာ (ယိုးဒယား)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ပါရမီတော် (ခေတ်ဟောင်းကာလပေါ်) (မေရှင်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က) ဆန်းနွေဦး (ယိုးဒယား)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) သာသနာ့ဒါယကာ (ခေတ်ဟောင်းကာလပေါ်) (မကြည်အောင်)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) ဝေဘာဂီရိ (ကြိုး)
(ဂ) လုလင်ငယ်သွေး (ကာလပေါ်) (ကိုမင်းနောင်)

ဂီတာ ပြိုင်ပွဲအတွက် သတ်မှတ်ထားသောတေးသီချင်းများ

၁။ ပညာရှင်အဆင့်

(က) ချစ်သမျှကို (ပတ်ပျိုး)
(ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ဂ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(င) ထောင်ရောင်နေကသာ (သီချင်းခံ)
(စ) မင်္ဂလာသီရိ (ဘွဲ့)
(ဆ) ခိုင်ပန်းစုံမှုန်မာလာ (ယိုးဒယား)
(ဇ) အောင်မင်္ဂလာ (ယိုးဒယား)

၂။ ဝါသနာရှင်အဆင့်

(က) ထူးမခြားနား (သီချင်းခံ)
(ခ) ပန်းဟေဝန် (ယိုးဒယား)
(ဂ) ကက္ကဋုရွှေစည် (ခေတ်ဟောင်းကာလပေါ်) (ဂီတာစိမ်းမောင်)

၃။ အဆင့်မြင့်ပညာအဆင့်

(က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) အန္တရာယ်ကင်း (ခေတ်ဟောင်းကာလပေါ်) (ဂီတာစိမ်းမောင်)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်

(က) ထောင်ရောင်နေမှောင်မှောင်ခြွေ (ကြိုး)
(ခ) ဟေဝန်မြိုင်လမ်း (ယိုးဒယား)
(ဂ) စုံတောမြိုင် (ခေတ်ဟောင်းကာလပေါ်) (မကြည်အောင်)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်

(က) လူမနှော (ပတ်ပျိုး)
(ခ) ဇေယျာအောင်ချာ (ကြိုး)
(ဂ) ရောင်တော်ဖွင့် (ခေတ်ဟောင်းကာလပေါ်) (စိန်ပါတီ)

၆။ အခြေခံပညာ(၅-၁၀)အဆင့်

(က) ထံတျာတေရှင် (ကြိုး)
(ခ) သီတာသီတာမြသား (ကြိုး)
(ဂ) ရွှေပဒ္မနှုန် (ခေတ်ဟောင်းကာလပေါ်) (ဥသြဘသောင်)

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ ၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်၊ ခရိုင်တရားမရုံး၌
၂၀၀၃ခုနှစ် တရားမ အသေးအဖွဲ့မှုအမှတ် ၇၂

ကွယ်လွန်သူ ဒေါ်ခင်မိ၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါ်ညွန့်ညွန့်သန်း ၁၂/မရက(နိုင်)၀၅၈၃၁၄ (လျှောက်သူ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ညွန့်ညွန့်သန်းက ကွယ်လွန်သူ ဒေါ်ခင်မိ၏ သမီးကြီးဖြစ်သည်ဟူ၍ မရမ်းကုန်းမြို့နယ်နေ ၎င်းကွယ်လွန်သူ ဒေါ်ခင်မိမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်မိမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၃ခုနှစ် ဩဂုတ်လ၂၄ရက်(၁၃၆၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ညွန့်ညွန့်သန်း၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **နော်သန်းသန်းအေး (တ/၁၅၀၁)**
ဒုတိယခရိုင်တရားသူကြီး(၄)၊ ရန်ကုန်အနောက်ပိုင်းခရိုင်



အမြန်ဝယ်လိုသည်

လမ်းမတော်၊ လသာ၊ ကျောက်တံတား၊ ဗိုလ်တထောင်၊ ပန်းဘဲတန်းတိုက်ခန်းများ၊ အင်းစိန် အောင်ဇေယျအိမ်ရာရှိ တိုက်ခန်းများ ဝယ်လိုပါသည်။ **ဖုန်း-၀၉၅၀-၁၇၄၇၉**

ပွဲရုံငှားမည်
ဘုရင့်နောင်၊ရေတမာလမ်း
ပွဲစားမလို
ဖုန်း-၅၂၆၇၈၇

အမည်ပြောင်း

အဖ ဦးကျော်ထွန်းဦး၏ သားများဖြစ်ကြသော အိုးသည်ကုန်း အခြေခံပညာအထက်တန်းကျောင်း ပဋ္ဌမတန်း(က)မှ မောင်ဇင်ဝေယံဖြိုးအား မောင်စိုင်းစံဦးဟုလည်းကောင်း၊ စတုတ္ထတန်းမှ မောင်ဟိန်းလတ်သူအား မောင်စံလင်းထက်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။
မောင်စိုင်းစံဦး၊ မောင်စံလင်းထက်

အမည်ပြောင်း

အဖ ဦးခင်မောင်မြင့်၏သား အမက(၂၅)သာကေတစတုတ္ထတန်း(က)မှ မောင်ထက်လင်းဦးအား မောင်ထက်ဝင်းလှိုင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်ထက်ဝင်းလှိုင်**

ကုမ္ပဏီဖုန်းနံပါတ်များပြောင်းလဲခြင်း

ကျွန်တော်များ ကုမ္ပဏီ ဖုန်းနံပါတ်များအား ၆-၈-၂၀၀၃ ရက်မှ စတင်၍ အောက်ပါ ဖုန်းနံပါတ်များသို့ ပြောင်းလဲကြောင်း မိတ်ဆွေများအား အသိပေးအပ်ပါသည်။

Promised Land Trading Co.,Ltd
No. 402, Strand Road, Corner of 20Th Street,
Latha Township, Yangon
Tel; 381519, 381575, 4465153 Fax: 381571
E-mail: Promised. Land @ mptmail. net. mm

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၃၆၅/၃၆၇၊
ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ကန့်ကွက်နိုင်ပါသည်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကင်းအိမ်ရာစခန်း အမှတ်၄ ရပ်ကွက် တိုက် အမှတ် ၂၁၁၊ အခန်းအမှတ် ၅ သည် ဒေါ်တင်မှီအား စာအမှတ် ၁၄၄/၉၅ ဖြင့် ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် ချထားပေးခဲ့သော အိမ်ခန်းဖြစ်ပါသည်။ မိခင်ဒေါ်တင်မှီသည် ၂၄-၅-၂၀၀၃ ရက်တွင် ကွယ်လွန်ပြီးဖြစ်ရာ ဖော်ပြပါအိမ်ခန်းအား ဦးစီးဒေါ်တင်မှီ အမည်မှ သမီးဖြစ်သူ ဒေါ်ခင်ဝင်းကြည် အမည်သို့ ပြောင်းလဲပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ ၁၅ ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာနခွဲသို့ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမြို့မြို့ အနယ်နယ် သတင်းများ

မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုဟောပြော

မော်လမြိုင် ဩဂုတ် ၉

မွန်ပြည်နယ်မိခင်နှင့်ကလေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် လှုပ်ရှားမှု ဟောပြောပွဲ၊ မိခင်နို့တိုက်ကျွေးရေး ပညာပေးခြင်းနှင့် သရုပ်ပြခြင်းအခမ်းအနားကို ဩဂုတ် ၅ရက်က မော်လမြိုင်မြို့ ကျန်းမာရေးရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းနွယ်စိုးက အမှာစကားပြောကြားပြီး ပြည်နယ်မိခင်နှင့်ကလေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဒေါက်တာဝင်းဝင်းခိုင်က မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုအကြောင်းကို ဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသည့် မိခင်များက မိခင်နို့တိုက်ကျွေးမှုများကို လက်တွေ့ဆောင်ရွက်ကြရာ မိခင်နှင့်ကလေး ကြီးကြပ်မှုကော်မတီဝင်များက ဝိုင်းဝန်းပြုစုဆောင်ရွက်ပေးကြသည်။ **(၁၆၈)**

ဘိုကလေးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဘိုကလေး ဩဂုတ် ၁

ဘိုကလေးမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃၁ ရက်က အောင်ဩဘာ ၁၈ လမ်းနှင့် ဗိုလ်တေဇလမ်း လမ်းဘေးဝဲ/ယာ တစ်လျှောက်တွင် ကျင်းပရာ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် ရုံးဝန်ထမ်းများ၊ အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများအင်အား ၃၀၀ ကျော်က သစ်ဆိမ့်ပင်၊ ရေတမာပင်နှင့် ခရေပင် စုစုပေါင်း ၁၀၀၀ စိုက်ပျိုးကြသည်။
(မြို့နယ်စည်ပင်)

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့်အဖွဲ့ ဩဂုတ် ၁ရက်က မြို့တွင်းလမ်းများ လမ်းပေါက်ဖာထေးမှုကို အနီးကပ်ကြီးကြပ်ပေးစဉ်။
(မြို့နယ်စည်ပင်)

ဇီးကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

ဇီးကုန်း ဇူလိုင် ၃၁

ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁ ရက်က ဘိုးဘွားရိပ်သာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုး(အောင်စိုး-တိ/ကု)က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များက ဇီးကုန်းမဂ္ဂဇင်း အမှတ်(၂) ထုတ်ဝေရေး၊ အဖွဲ့ရုံးတည်ဆောက်ရေးအတွက် ရန်ပုံငွေရှာဖွေရေး၊ အဖွဲ့ဝင်အင်အား တိုးချဲ့ရေးတို့ကို ညှိနှိုင်းဆုံးဖြတ်ကြသည်။ **(က-ပ)**

FAME

Diabe-herb® (ဆီးချိုကျဆေးတောင့်)

★ Momordica charantia

GMP & ISO 9001 Certified



(Germany) (France) (Switzerland) (China) (Myanmar)

FAME Pharmaceuticals

ကားငှားရန် ခရီးစဉ်မျိုးစုံအတွက် Aircon, Mini Bus နှင့် Saloon°မျိုးစုံ နှစ်ချုပ်၊ လချုပ် ငှားရန်ရှိသည်။ အကျိုးတူပူးပေါင်းလိုသူ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။ **ဖုန်း-၅၂၄၆၈၆**

ဂျပန်ဘာသာစကားကျွမ်းကျင်မှုစာမေးပွဲ

ဂျပန်နိုင်ငံ The Japan Foundation, Association of International Education က ကမထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးတို့ ပူးပေါင်းစီစဉ် ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်	–	၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	–	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်	–	၂၀၀၃ ခုနှစ် ဩဂုတ်လ ၁၂ရက်မှ ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂၆ရက် အတွင်း
လျှောက်လွှာရရှိနိုင်သည့်နေရာ	–	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်	–	Level 1, Level 2. Level 3, Level 4 အဆင့်လေးဆင့်ခွဲ၍ (1) writting- vocabulary, (2) listening and (3) reading- grammar စစ်ဆေးမည်။

အသေးစိတ်ကို အောက်ပါနေရာတွင် စုံစမ်းနိုင်ပါသည်။

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် – ၅၁၅၂၃၆
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် – ၀၂– ၃၂၃၃၀

တရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင်၏ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းသတိပေးကြေညာချက်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဓမ္မဝိဟာရလမ်း၊ အမှတ် (၅၁) နေ ဦးတင်ထွဋ် ၁၂/မဂတ(နိုင်)၀၅၂၁၃၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၆-၇-၂၀၀၃ နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၁၈)၊ ကော်လံ (၅/၆)ပါ၊ တရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင်၏ ကြေညာချက်အပေါ် အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ (၂) လမ်း၊ အမှတ် (၂၆)ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၄-အေ)၊ မြေကွက်အမှတ် (၁၇၉) ဧရိယာအကျယ်အဝန်း (၅၀ပေ X ၄၅ပေ) ရှိ မြေကွက်နှင့်နေအိမ်မှာ ဦးတင်ထွဋ်က ဦးကျော်ဇောထံမှ လက်ရိုလက်ရောက် ဝယ်ယူပိုင်ဆိုင် နေထိုင်ခဲ့သော နေအိမ်ဥပစာဖြစ်ပါသည်။

ဆန်နီပစ်ကပ် ကားအမှတ်-ခ/၅၈၉၉ မှာလည်း ဦးတင်ထွဋ် တရားဝင် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ရရှိထားသည့် အမည်ပေါက် မော်တော်ယာဉ်ဖြစ်ပါသည်။

ဦးတင်ထွဋ်သည် အိမ်ထောင်ပြုပြီး ရပ်ဝေးခရီးရောက်ရှိနေချိန်တွင် မိခင်ဖြစ်သူနှင့် မောင်နှမအချို့က အဆိုပါနေအိမ်သို့ တရားမဝင် ကျူးကျော်ဝင်ရောက် နေထိုင်ပြီး ၆-၇-၂၀၀၃ နေ့တွင် သတင်းစာမှကြေညာခြင်းဖြစ်ပါသည်။

ဦးတင်ထွဋ်၏ နေအိမ်အတွင်းမှ ဒေါ်စန်းရှိန်နှင့် သားသမီးများ တရားမဝင် ရယူသွားသည့် ဆန်နီပစ်ကပ်ယာဉ်-ခ/၅၈၉၉နှင့် ပတ်သက်သည့် မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်အာမခံစာအုပ်၊ M.F.T.B ဘဏ်စာအုပ်၊ A.W.B ဘဏ်စာအုပ်များကို ဦးတင်ထွဋ်ထံ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပြန်လည်အပ်နှံရန်နှင့် အများသူငါ ထင်ယောင်ထင်မှားဖြစ်စေရန် မဟုတ်မမှန် ကြေညာချက်အပေါ် ဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးတင်ထွဋ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းညွန့်	**ဦးကျော်မြင့်**
B.A, H.G.P., R.L.,D.B.L	LL.B.,D.B.L.,D.A.Psy
တရားရုံးချုပ်ရှေ့နေ	**တရားရုံးချုပ်နေ**
ဖုန်း-၅၀၀၂၅၁	**ဖုန်း-၇၀၉၄၁၃၊ ၂၅၀၉၂၇**

အမှတ် ၅၈၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မြန်မာဂေါက်သီးရိုက်အသင်း
၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်

မြန်မာဂေါက်သီးရိုက်အသင်းမှ အသင်းသားအချို့သည် အသင်းနှင့် ကာလကြာမြင့်စွာ အဆက်အသွယ်ပြတ်နေသည့်ပြင် အသင်းသားကြေးများလည်း ပေးသွင်းခြင်းမရှိပါသဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှစ၍ နှစ်ပတ်အတွင်း အသင်းနှင့်ဆက်သွယ်၍ ပေးရန်ရှိသည်များကို ပေးသွင်းကြပါရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ပေး သွင်းခြင်းမရှိပါက အသင်းသားအဖြစ်မှ လုံးဝရုပ်စဲမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဆုံးဖြတ်ချက်အရ- ကိုနီ (အတွင်းရေးမှူး)

အမည်ပြောင်း

အဖ ဦးသက်နောင်၏သမီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ဒုတိယနှစ်မှ မနေခြည်ဖူးပွင့်အောင်အား မနေကြည်ခင်ဟုလည်းကောင်း၊ မြို့မတွဲဖက်အထက အဋ္ဌမတန်းမှ မယွန်းဖြူလေးအား မမေလဝန်းခင်ဟုလည်းကောင်း၊ ဆဋ္ဌမတန်းမှမသံသာလင်းသက်အား မမေသော်တာခင်ဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

နေကြည်ခင်၊မေလဝန်းခင်၊မေသော်တာခင်

အညောင်းထိုင် အကြောတက်သူအားလုံး

ဆန္ဒမဏိ ကိုသုံး

☎ 666757

(Dip S.E)

(Dip B.M)

(Dip B.F.I)

(Dip E.D)

(Dip F.M)

(Dip S.E)

(Dip B.Acc)

(Dip M . M)

(၁) B.A (Business Science) ဘွဲ့

(၁) Diploma in Secretaryship for Enterprise.

(၂) Diploma in Business Management.

(၃) Diploma in Banking Finance & Insurance.

(၄) Diploma in Enterprise Development.

(၅) Diploma in Financial Management.

(၁) Diploma in Secretaryship for Enterprise.

(၂) Diploma in Business Accounting.

(၃) Diploma in Marketing Management.

တွေ့ရှိကအကြောင်းကြားပါ

ကျွန်တော် မောင်ဟိန်းမင်းထွေး C.D.C No. 41013, P.P.No. 198314 ၏ Allotment (ငွေလွှဲလက်မှတ်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဆက်သွယ်ရန်
ဖုန်း- ၅၈၄၁၅၅

အမည်ပြောင်း

အဖ ဦးမြလွင်၏သမီး အလက (၁၂) အင်းစိန် အဋ္ဌမတန်း(အေ)မှ မကြူကြူသင်းလွင်အား မသက်ထားဆွေဇင်ဟုလည်းကောင်း၊စတုတ္ထတန်း(ဘီ)မှ မောင်စိုးလွင်အောင်အား မောင်နေအောင်လင်းဟုလည်းကောင်း၊ (အဖဦးသန့်ဇင်)၏သား ဒုတိယတန်း(အေ)မှ မောင်ဇင်မျိုးလွင်အား မောင်ဇော်လင်းနိုင်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မသက်ထားဆွေဇင်
မောင်နေအောင်လင်း
မောင်ဇော်လင်းနိုင်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား ဖြစ်သူ ဆာဒစ်(ခ)မောင်မင်းသိန်း ၁/မကန (နိုင်) ၀၁၃၅၃၄ သည် မိဘဆိုဆုံးမမှု မနာခံဘဲ မိမိဆန္ဒအလျောက် ပြုလုပ်သွားပါ၍ ၉-၈-၂၀၀၃ နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို (လုံးဝ) တာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးအရွတ် ၁/မကန(နိုင်)၀၁၃၅၁၀
ဒေါ်အိုင်ရှာ ၁/မကန(နိုင်)၀၁၃၅၃၆

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်လွင် (MD-TTE) ၏ မိခင် ဒေါ်အသန်းသည် ၇-၈-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမြင့်လွင်၊
ကိုမျိုးသူအောင်(ပုသိမ်)

Dr. Mike Segal
F.A.C.S., F.A.C.C., F.A.C.C.A
New York,U.S.A
အသက်(၇၉)နှစ်

No.25, Central Park West, New York City, U.S.A နှင့် ရန်ကုန်မြို့၊ အမှတ် ၁၀၅၊ ၁၀၇ ခရေပင်လမ်း၊ ဒဂုံမြို့နယ်နေ Mrs. Miriam Marshall Segal ၏ ခင်ပွန်း၊ အမေရိကန်နိုင်ငံနေ Mrs. Betty Bardige, Mrs. Wendy Masi, Mrs. Patti Liberman, Mr. Richard Segal, Ms. Debbie Segal နှင့် Mr. Eric Boyriven တို့၏ဖခင်၊ မြေး ၁၃ ယောက်တို့၏အဘိုးသည် ၉–၈–၂၀၀၃ရက်(စနေနေ့) နံနက် ၄:၂၀ နာရီ၌ ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ကွယ်လွန်သွားပါကြောင်း မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

၁၅–၈–၂၀၀၃ရက် (သောကြာနေ့) နံနက် ၉:၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဘဘကြီး ဦးဖေတင်(ရွှေဘို) ၈–၈–၂၀၀၃ရက်က ကွယ်လွန်အနိစ္စရောက်သွားသော ဘဘကြီး ဦးဖေတင်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုမျိုးဝင်း–မခင်နွဲ့ဝင်း
မြေးများ – ကိုသီဟန်မြင့်–မနှင်းဇာခြည်အောင်၊ မောင်မင်းဇာနီအောင်
မြစ် – ယမုံသီဟန်နှင်း၊ သီဟန်အုပ်စိုး။

ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း နာယက စာရေးဆရာမကြီး ရွှေဘိုဒေါ်မိမိကြီး၏ခင်ပွန်း ဦးဖေတင် အသက်(၉၃)နှစ် တရားရုံးချုပ်ရှေ့နေကြီးသည် ၈–၈–၂၀၀၃ရက်တွင် ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နာယကအဖွဲ့၊အမှုဆောင်အဖွဲ့နှင့် ဝန်ထမ်းများ
ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ မန္တလေးမြို့။

ရဟန်းဒါယကာကြီး
ဦးလှရွှေ
(တွံတေး၊ ကံဘဲ့)
အသက်(၈၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ် ၃၃ နေ (ဦးထွန်းစိန်–ဒေါ်စိန်ပွင့်)တို့၏သား၊ (ဦးစောဟန်–ဒေါ်အေးမြင့်)တို့၏အစ်ကို၊(ဒေါ်ညွန့်ရီ)၏ခင်ပွန်း၊ဒေါ်အေးအေးသန်း(အထက–၄၊အလုံ)၊ ဦးသန်းဦး–ဒေါ်မေမေသန်း(အမက–၆၊ အလုံ)၊ ဒေါက်တာဒေါ်သင်းသင်းရီ(တိုင်း တီဘီ ဆရာဝန်ကြီး၊ ပဲခူးတိုင်း)တို့၏ ဖခင်၊ မအိငြိမ်းချမ်း(U.F.L)၊ မောင်အောင်မင်းကို (ပဥ္စမတန်း A၊ အထက–၄၊ အလုံ)၊ မောင်သူရဇော်တို့၏အဘိုးသည် ၁၃–၈–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၅၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pa Kam Do Nang
C.D.C-11695
အသက်(၆၁)နှစ်

(Pu Tut Za Kap - Pi Hoih Kho Hau)တို့၏သား၊ Pa Lam Khen Thang၊ (Nu Vum Kho Man)၊ Nu Ciin Lam Cing တို့၏ ညီ/မောင်၊ Pa Suang Lam Pau ၏အစ်ကို၊ အမှတ် ၆၂၃/က၊ ပိတောက်လမ်း၊ ၁၁ ရပ်ကွက်၊ လှိုင်သာယာနေ Nu Cing Khen Niang၏ခင်ပွန်း၊ Tg Kap Lian Tuang၊ Tg Kam Khen Khai (သင်္ဘောသား)၊ Tg Hau Lian Mung၊ Lia Ning Ngaih Man၊ Lia Kap Lam Cing၊ Lia Cing Hau Niang တို့၏ ဖခင်သည် ၁၃–၈–၂၀၀၃ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေး ခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကားများ မြန်မာနိုင်ငံ တမန်တော်သစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၁၀၃/ခ၊ အောက်မင်္ဂလာဒုံလမ်း၊ အရှေ့ရွာမ၊ အင်းစိန်နှင့် ၅၁၊ ရွှေဘုံသာလမ်းမှ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ နေအိမ်မှ မွန်းလွဲ ၁:၃၀ နာရီတွင်လည်းကောင်း ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

အမြန်ဆက်သွယ်ပါ

ယခင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၅ ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၄၅၄ တွင် နေထိုင်ခဲ့ဖူးသူ ဦးရဲတင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၀ ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၇၈၆ နေ ဦးငွေဝင်းနှင့်အမြန်ဆုံးဆက်သွယ်ပါ။

ရဟန်းဒါယိကာမကြီး
ဒေါ်လွန်းကျင်
(ကျိုက်စကော)
အသက်(၉၀)

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအရှေ့ကျေးရွာနေ (ဦးအေးမောင်)၏ဇနီး၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ ဦးပုညလမ်း၊ အမှတ် ၈၀၃၊ ၁၇ ရပ်ကွက်နေ ဗိုလ်ကြီးခင်ဝင်း(ငြိမ်း)–ဒေါ်ခင်နွဲ့၊ ဗဟန်းမြို့နယ်၊ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် 70/2၊ A-1 နေ ဦးလှရွှေ–(ဒေါ်တင်တင်ဝင်း)တို့၏မိခင်၊ ကိုထင်အောင်၊ (ကိုဇော်မင်းဦး)–မဝင်းမာကြူ(ဆလရ)၊ ကိုသန့်လှိုင်ကျော်–မမိုးမိုးသက်(ရွှေရည်ဝင်း ကဖီး)၊ ကိုကျော်မင်းလှိုင် – မမြတ်မျိုးသွယ်တို့၏ အဘွား၊ မဂျူးဂျူး၊ မောင်စည်သူသန့်လှိုင်၊ မောင်ကောင်းထက်တို့၏ ဘွားဘွားကြီးသည် ၁၂–၈–၂၀၀၃ရက် နံနက် ၁၀:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၃ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ဗဟန်းနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှမြင့်
အသက်(၇၁)နှစ်

မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ ပုဂံမျှော်ရွာနေ (ဦးသာထွန်း–ဒေါ်စိန်တင့်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ် ၄၊ အမှတ် ၇၇၇ နေ ဒေါ်ခင်စိန်(ခ)ဒေါ်ဂျမ်း၏ခင်ပွန်း၊ မောင်ဝင်းကြည် (Grand Plaza Park Royal Hotel)၊ မောင်မျိုးကြည်(ခေတ္တ–USA)၊ မအေးအေးသန်း၊ မမာမာခင် (မြယမုံစမ်းရိပ်မြိုင်အိမ်ရာစီမံကိန်း)တို့၏ဖခင်သည် ၁၃–၈–၂၀၀၃ရက် နံနက် ၉:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၃ ရက်တွင် မကွေးတိုင်း မြို့သစ်မြို့နယ် ပုဂံမျှော်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးတင့်လွင်
ဆသရ(ငြိမ်း)၊ဗဟိုကြေးနန်းရုံး
(ကဒုံကနိ၊ ဘိုကလေးမြို့)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၁၂၅၊ စိမ့်လဲ့သာယာလမ်း၊ ဆက်သွယ်ရေးရပ်ကွက်နေ ဒေါ်အမာစီ (အထပြ၊ ငြိမ်း)၏ခင်ပွန်း၊ မနီလာလွင် (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)၊ မစန္ဒာလွင် (အထက–၃၊ ဒဂုံ)၊ မချိုမာလွင် (MFTB)၊ (မောင်ဇာနည်လွင်)၊ မောင်နေမျိုးလွင်(MFTB)၊ (ဗိုလ်ကြီးအောင်မျိုးလွင်)တို့၏ဖခင်သည် ၁၂–၈–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်ပါ၍ ၁၄–၈–၂၀၀၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာသွင်(ခ)အေးမီ
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှု/ဆေးဝါး
အသက် (၆၃)နှစ်

ရန်ကုန်မြို့နေ (ဦးညွန့်ကြည်–ဒေါ်သိန်းမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂုကျောင်းလမ်း၊ လမ်းသွယ် ၃၊ ခြံအမှတ် ၂ နေ ဦးစန်းမောင်(ခ)မောင်ဆွေမွန်(မိုးထိအောင်ဗီဒီယို)၏ဇနီး၊ ပါမောက္ခ ဒေါက်တာစောနိုင်–ဒေါက်တာခင်ဌေးအေး၊ ဒေါက်တာဝင်းကြွယ်–ဒေါ်တင်တင်နွယ်၊ ဦးမင်းသွင်–ဒေါ်ဖြူဖြူတို့၏အစ်မ၊ မိုးဇော်(ခ)မိုးဇော်ကို–ခင်ကေသွယ်မြင့်၊ ကျော်လင်းခိုင်(ခ)အငယ်လေးတို့၏မိခင်သည် ၁၁–၈–၂၀၀၃ရက် နံနက် ၄:၃၀ နာရီတွင် ဗဟိုရ်စည်ဆေးခန်း၌ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၁၇–၈–၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး တရားနာ ပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မာသွင်(ခ)အေးမီ
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
စက်မှု/ဆေးဝါး
အသက် (၆၃)နှစ်

ပုသိမ်မြို့နေ (ဦးဘသောင်း–ဒေါ်သိန်းကြွယ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စွန်းလွန်းဂုကျောင်းလမ်း၊ လမ်းသွယ် ၃၊ ခြံအမှတ် ၂ နေ ဦးစန်းမောင်(ခ)မောင်ဆွေမွန်(မိုးထိအောင်ဗီဒီယို)၏ဇနီး၊ ဒေါ်သန်းသန်းနွဲ့–ဦးလှလွင်[ဒုရေယာဉ်မှူးချုပ်(ငြိမ်း)]၊ ဒေါ်ရင်ရင်ကြိုင်–ကပ္ပတိန်တင်မောင်အေး (အထွေထွေမန်နေဂျာ၊ ရန်ကုန်အဲယားဝေး)တို့၏အစ်မ၊ မိုးဇော်(ခ)မိုးဇော်ကို–ခင်ကေသွယ်မြင့်၊ ကျော်လင်းခိုင်(ခ)အငယ်လေးတို့၏မိခင်သည် ၁၁–၈–၂၀၀၃ရက် နံနက် ၄:၃၀ နာရီတွင် ဗဟိုရ်စည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၄ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၁၇–၈–၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာ ပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးဖြူ (သနပ်ပြင်)
အသက်(၉၂)နှစ်

တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ အင်း၀ ၉ လမ်း၊ အမှတ် ၁၀၂၉ နေ ဦးကောက်၏ဇနီး၊ (ဦးစိန်ဝင်း)–ဒေါ်လှရီ၊ ဦးမောင်စိန်–(ဒေါ်အေးကြင်)၊ ဦးတင်စိန်–ဒေါ်ခင်မြ၊ ဦးချစ်ဆွေ–ဒေါ်ခင်လှဆွေတို့၏မိခင်၊ မြေး ၂၀ ယောက်၊ မြစ် ၁၈ ယောက်တို့၏ အဘွားသည် ၁၂–၈–၂၀၀၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှညွန့်
(နတ်တလင်း)
အသက်(၈၄)နှစ်

ပဲခူးတိုင်း၊ နတ်တလင်းမြို့နေ (ဦးပု)၏ဇနီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၄၃ ရပ်ကွက်နေ ဦးဘထား–ဒေါ်ရင်မြင့်၊ နတ်တလင်းမြို့၊ ကြံတောစုကျေးရွာနေ ဦးအေး–(ဒေါ်ချိုချို)၊ တာမွေမြို့နယ်၊ အမှတ် ၉၊ သူကြွယ်လမ်းနေ ဦးညို–(ဒေါ်သောင်းကြည်)တို့၏မိခင်၊ မြေး ၁၆ ယောက်၊ မြစ် ခုနစ်ယောက်တို့၏ အဘွားသည် ၁၂–၈–၂၀၀၃ရက် (အင်္ဂါနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးအောင်ထွန်း (ငြိမ်း)
ကြည်း–၂၀၉၆၁
(အင်းတိုင်)
အသက်(၇၅)နှစ်

(ဦးထွန်းရင်–ဒေါ်သဥ္စာ)တို့၏သား၊ ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် ၁၁၊ သဇင်လမ်းသွယ်၊ ပေါက်ကုန်း မြောက်ပိုင်း၊ အပိုင်း ၉ နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဦးသိန်းအောင်–ဒေါ်လှခင်၊ ဒေါ်စိန်စိန်တို့၏ အစ်ကို၊ ဦးဝင်းအောင် – ဒေါ်အေးအေးကြွယ်၊ ခွဲတကက ဝင်းမြင့် – ဒေါ်သူဇာဝင်း၊ ဗိုလ်ကြီးတင်အုန်း(ငြိမ်း)–ဒေါ်သန်းသန်းဝင်း၊ ဒုအရာခံဗိုလ်စောဝင်း–ဒေါ်သန်းသန်းဌေး(သစ်လုပ်ငန်း)၊ ဦးသိန်းဝင်း (KBZ)–ဒေါ်တင်အေးကြူ (အထည်ချုပ်၊ မင်္ဂလာဒုံ)၊ တကကက ဝင်းတင့်–ဒေါ်တင်လေး၊ဦးခင်အောင်ဝင်း(ကပရ)–ဒေါ်ခင်ခင်ငြိမ်း၊ ဦးအောင်ကျော်မိုး–ဒေါ်စန္ဒာဝင်းတို့၏ဖခင်၊ မြေး ၁၈ ယောက်၊ မြစ် သုံးယောက်တို့၏အဘိုးသည် ၁၃–၈–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၅–၈–၂၀၀၃ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေး(ခ)ကြောင်စီမွေး
(ပြည်မြို့)
အသက်(၇၆)နှစ်

အမှတ် ၁၂၀၊ ဓမ္မသုခကျောင်းလမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးတက်ရှ၏ဇနီး၊ ဒေါ်ခင်ဌေးမြင့်–(ဦးမျိုးမြင့်)၊ဦးစိန်ညွန့်–ဒေါ်ခင်စန်းလွင်၊ ဒေါ်ခင်စန်းအေး–ဦးဟုတ်စိန်၊ ဒေါ်ခင်စိန်အေး–ဦးအောင်မင်း၊ ဦးအေးညွန့်–ဒေါ်ကျင်လှတို့၏မိခင်၊မြေး ၁၅ယောက်တို့၏အဘွားသည် ၁၂–၈–၂၀၀၃ရက် နံနက် ၅:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၃ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦး A.C ခရစ်ရှိနား
ဦးစီးအရာရှိ(အငြိမ်းစား)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အသက်(၇၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁ လမ်း၊ အမှတ် ၆၅ နေ (ဦး A.C ဝေးလူး – ဒေါ်မာဒူရိုင်း)တို့၏ သား၊ ဒေါ်လဂျာသာမိဘာလ်(ခ)ဒေါ်ခင်သန်း၏ခင်ပွန်း၊ မောင်ရာဇီ (2/O - JSM Co., Ltd.)–မကိုကီလာ၊ မောင်ဟာရီ (BSN-OSL Co., Ltd.)၊ မလှလှအေး(ခ)မရှန်းသီးတို့၏ ဖခင်သည် ၇–၈–၂၀၀၃ရက် ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈–၈–၂၀၀၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေး ဟိန္ဒူသုသာန်၌ကောင်းမွန်စွာမီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂–၈–၂၀၀၃ရက် (သောကြာနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ် ၂၂၃၊ အထက်ပုဇွန်တောင်လမ်း၊ ချစ်တီးဘုရားကျောင်းခန်းမ၊ ရန်ကုန်မြို့တွင် ပြုလုပ်မည့် ရက်လည်ဆွမ်းကျွေးပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကိုအောင်မိုး (တာချီလိတ်)
အသက်(၃၃)နှစ်

လွိုင်လင်မြို့၊ ရပ်ကွက် ၄၊ ကျောက်ထိုးလမ်းနေ ဦးအုန်းမောင်–ဒေါ်သန်းသန်းအေး (ဒေါ်တူး)တို့၏သား၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးသိန်းအောင်–ဒေါ်စန်းမြင့်တို့၏ သားသမက်၊ နွယ်နွယ်အောင်(နည်းပြ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ထွန်းထွန်းအောင်–မြမြခင်၊ ဗိုလ်ဗိုလ်–ယုယုခိုင်၊ စုငယ်ငယ်အောင်၊ ချိုသွယ်ခိုင်တို့၏ အစ်ကိုကြီး၊ ဝဏ္ဏထွန်း၊ အောင်ဦးဦး၊ ရဲရင့်အောင်၊ မေဟန်ခြည်တို့၏ ဘကြီး (ပါးပါး)၊တာချီလိတ်မြို့၊မဟာမုနိဘုရားကျောင်းလမ်းနေ သွယ်သွယ်အောင် (မိဂသီ)၏ခင်ပွန်းသည် ၁၁–၈–၂၀၀၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် လွိုင်လင်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် လွိုင်လင် မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအောင်ကျော် (လှည်းကူး)
စတုဘုမ္မိကယောဂီ
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ အမှတ် ၁၄၉၊ အနောက်မြင်းပြိုင်ကွင်းလမ်းနေ (ဦးစံခိုင်–ဒေါ်ဆိုးမေ)တို့၏သား၊(ဦးသောင်း–ဒေါ်အုန်း)တို့၏သားသမက်၊ ဒေါ်ခင်သန်း၏ ခင်ပွန်း၊ ဦးစိုးမြင့် – ဒေါ်မြင့်မြင့်ဦး (မင်းထွတ်ဒီဇိုင်းလုပ်ငန်း)၊ ဦးသန်းအေး (ကုန်သွယ်/လယ်ယာ၊ရုံးချုပ်)–ဒေါ်သီသီမြင့် (ပြည်ထဲရေး)၊ ဦးကျော်ဌေး(ဦးစီးအရာရှိ ဟောင်း၊လဝက)–ဒေါ်ခင်ဌေးမြင့်(ရဲအုပ်အငြိမ်းစား၊ မှုးယစ်) (ခေတ္တ–စင်ကာပူ)၊ ဒေါ်ဝင်းဝင်းနွယ်၊ ဒေါ်ချိုချိုဝင်း၊ ဦးမောင်မောင်တာ–ဒေါ်သစ်သစ်အောင်၊ ဒေါ်စိုးစိုးမာတို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၁–၈–၂၀၀၃ရက်(တနင်္လာနေ့)ည ၁၀:၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၁၅–၈–၂၀၀၃ရက် (သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ ၁၇–၈–၂၀၀၃ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင် (ရေကြည်)
မိုးကုတ်ယောဂီ(တစ်ဝိုင်း)
အသက်(၈၂)နှစ်

ရေကြည်မြို့နေ (ဦးထင်–ဒေါ်သင်)တို့၏သမီး၊ ဟင်္သာတမြို့နေ (ဦးမောင်တင်)၏ဇနီး၊ (ဒေါ်ချစ်စိန်)၊ (ဒေါ်ရှိန်)၊ (ဦးသန်း)၊ (ဒေါ်သန်းတင်)၊ ဒေါ်တင်အုန်း၊ (ဦးဝင်း)တို့၏ညီမ၊ အမှတ် ၇၊ ၁၅၇ လမ်း၊ တာမွေမြို့နယ်နေ ဦးရဲမြင့်–ဒေါ်လှလှမြင့်(ဦးမြင့်ရွှေ)၊ဦးအောင်ကျော်တို့၏မိခင်၊ မောင်ထိန်လင်းဦး၊ (မောင်ကျော်လင်းဦး)၊ မောင်မျိုးမြင့်ဦး–မငယ်ငယ်ထွေး၊ မောင်မျိုးမင်းဆွေ၊ မောင်မျိုးဝင်းဆွေ၊ မောင်ရဲလင်းကျော်–မနွေးနွေးဝင့်တို့၏အဘွား၊ မနှင်းဥမ္မာဝေ၏အဘွားသည် ၁၁–၈–၂၀၀၃ရက် (တနင်္လာနေ့) ည ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသန်းကို
အင်/ယာ(၁)မြို့ပြ(ငြိမ်း)
အသက်(၆၁)နှစ်

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ခ ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ် ၆၅၅၊ B နေ (ဒေါ်လှခင်)၏ခင်ပွန်း၊ဦးအုန်းမြင့်–ဒေါ်တိုး၊ ဦးနေဝင်း၊ ဦးရွှေဝင်း–ဒေါ်သန်းသန်းအေး၊ ဦးမြင့်ဝင်း–ဒေါ်ရီရီမြင့်တို့၏အစ်ကို၊ (ဦးစိုးနိုင်)– ဒေါ်စပယ်သန်း၊ ဦးသန်းဇော်ဝင်း–ဒေါ်စုစုဌေး၊ ဦးသက်လွင်ထွန်း–ဒေါ်ခင်ကြည်ကြည်သန်းတို့၏ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၃–၈–၂၀၀၃ ရက် နံနက် ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၃ရက် ညနေ ၃ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂:၁၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဝင်း
(လှိုင်ဈေးကြီး)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၉ ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ် ၄၉(က)နေ [ဦးအောင်သိန်း(ခ)အစိုင်း–ဒေါ်ကျင်စီ(ခ)အကီး]တို့၏သားကြီး၊ မစန်းစန်းဦး၏ခင်ပွန်း၊ မောင်ဝင်းထွန်းနိုင် (Second Year I.C၊ ဒဂုံတက္ကသိုလ်)၊ မသက်စုဝင်း(အထက–၂၊ လှိုင်)တို့၏ဖခင်၊ မခင်စန်းဝင်း(ခ)မီးမီး၊ (ဦးခင်မောင်လွင်–ဒေါ်တင်စန်းဝင်း)၊ ဦးအောင်မြင့်–ဒေါ်ခင်စန်းလွင်ဦးဝင်းမြင့်–ဒေါ်ခင်မာလွင်၊ ဦးသန်းစိုး–ဒေါ်သီတာအေးတို့၏အစ်ကိုကြီးသည် ၁၂–၈–၂၀၀၃ ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ပြည်နယ်သြဝါဒါစရိယ(မူလဒွါရ)
[ဗဟန္တောင်ဂိုဏ်းမဟာနာယက]
ဘဒ္ဒန္တ သောဘိတ မထေရ်
သက်တော်(၇၈)နှစ်၊ သိက္ခာတော်(၅၈)ဝါ

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လက်ပံအဝကျောင်းသစ် ဦးစီးပဓာန နာယက ဘဒ္ဒန္တ သောဘိတ မထေရ်မြတ်သည် (၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၁၂ရက်) ည ၈:၃၃ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်ဒါယကာ၊ဒါယိကာမများ။

ဘုရား၊ရဟန်းအပါး၅၀၊သိမ်၊ ကျောင်း၊ဇရပ်ဒါယကာကြီး
ဦးထွန်းလှ
(ရွှေဒေါင်းယဉ်သက်န်းတိုက်)
အသက်(၈၁)နှစ်

မုံရွာမြို့၊ ဘုရားကြီးလမ်းနေ (ဦးဘိုးအိ – ဒေါ်ညွန့်)တို့၏ သား၊ ဒေါ်ခင်ပု၏ခင်ပွန်း၊ ဦးညွန့်တင်–ဒေါ်ခင်စန်းဝင်း၊ ဦးကိုကြီး–ဒေါ်ခင်ဌေးဝင်း၊ ဦးညွန့်ဌေး–ဒေါ်မြင့်မြင့်အေး၊ မခင်မဥ္ဇူ၊ ဦးလှဌေး–ဒေါ်မိုးမိုးအေးတို့၏ဖခင်၊ မသန္တာကိုကြီး၊ မခိုင်ဇာကိုကြီး၊ မောင်သန်းဝင်း၊ မောင်နိုင်ဝင်း၊ မောင်ထွန်းထွန်းဝင်း–မလင်းဝင့်ဝင့်ဖြူ၊ မခိုင်သင်းမွန်၊ မောင်သာထွန်းလင်း၊ မောင်ထွန်းလင်းဇော်၊ မောင်ဉာဏ်လင်းထွန်း၊ မောင်ဝေယံဖုန်းပြည့်တို့၏ အဘိုးသည် မုံရွာမြို့ ဘုရားကြီးလမ်းနေအိမ်၌ ၁၃–၈–၂၀၀၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅–၈–၂၀၀၃ရက် (သောကြာနေ့)ညနေ ၄ နာရီတွင် မုံရွာ စကျင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
သိက္ခာတော်ရဆရာတော်
ဦးစတီဖင်စိန်
ညွှန်ကြားရေးမှူး
ဓမ္မရေးရာဌာန
သတ္တမနေ့ဥပုသ်အသင်းတော်
အသက်(၅၉)နှစ်

ကရင်ပြည်နယ်၊ သံတောင်မြို့နယ်၊ ရွှေညောင်ပင်ရွာနေ (ဦးဘစိန်)–ဒေါ်နှင်းဖြူတို့၏သားဦး၊ ရန်ကုန်မြို့၊ အမှတ် ၇၂၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်နေ ဒေါ်ဂျူးလီယာစိန်၏ခင်ပွန်း၊ ဒေါ်မေရီစိန် – ဦးစောရိုလင်းသန်း၊ မာမီစိန်၊ အေးမော့စိန်၊ မြသန္တာစိန်၊ ကျော်ဘစိန်၊ ဂရေစီစိန်တို့၏ဖခင်၊ ဒေါ်ဝီနီးနာ–ဦးဘချော၊ ဦးဘသာ–ဒေါ်မဲလေ၊ ဒေါ်ဝီနီးထာ–ဦးသိန်းထွန်း၊ ဦးတီမောသေ–ဒေါ်နော်ဂေးဂေ၊ ဒေါ်ဆာမူဖော–ဦးမာရှယ်၊ ဦးစောမားခတ်(စ်)–ဒေါ်မေမေခင်တို့၏အစ်ကိုကြီးသည် ၁၃–၈–၂၀၀၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၅–၈–၂၀၀၃ရက်(သောကြာနေ့)နံနက် ၁၀ နာရီတွင် အမှတ် ၆၈၊ ဦးဝိစာရလမ်းရှိ ခရစ်တော်ကိုမျှော်လင့်သော ရန်ကုန်ဗဟိုသတ္တမနေ့အသင်းတော်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ကိုဇော်ငြိမ်းအောင်
B.E (Mech) (1993)
Prominent Shipping
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မဂ္ဂင်လမ်း၊ အမှတ် ၃၀ နေ (ဦးအောင်သန်း)–ဒေါ်အယ်နီတို့၏သားကြီး၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ဦးလူနီလမ်း(စောတေးလိန်း) အမှတ် ၈ နေ ဦးစောဂျွန်လှထွန်းဘွား–(နော်ဝင်းရီ)တို့၏သားသမက်၊ ကိုနေမျိုးအောင်(SPA. PHIH)–မဌေးဌေးစိုး၊ ကိုသန်းထွဋ်အောင်တို့၏အစ်ကို၊ နော်ဖောဆက်၏ခင်ပွန်း၊စောသန့်စင်အောင်၊ နော်ဆုမွန်အောင်တို့၏ဖခင်၊ စောစိုးမူ–နော်သင်းသင်းစံတို့၏ အစ်ကိုကြီးသည် အိန္ဒိယနိုင်ငံ ဘုံဘေဆေးရုံ၌ ၁၃–၈–၂၀၀၃ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးဖြူ (သနပ်ပြင်)
အသက်(၉၂)နှစ်

တောင်ဥက္ကလာပမြို့နယ်၊(၆)ရပ်ကွက်၊ အင်း၀ ၉ လမ်း၊ အမှတ် ၁၀၂၉ နေ ဦးကောက်၏ဇနီး၊ (ကိုသန်းအေး)–မသန်းသန်းဝင်း၊ ကိုခင်ဝင်း (ဆလရ၊ လမ်း/သု) – မမာမာလွင် (ဆလင၊ လမ်း/သု)၊ ကိုသိန်းအောင်–မမြင့်မြင့်အေး၊ ကိုသိန်းဝင်းနိုင်–မခင်ခင်ဝေ၊ ကိုလွင်ဦး – မသန်းသန်းစိန်၊ ကိုတင်မောင်အေး၊ ကိုထက်ခိုင် – မသီတာ၊ ကိုသန့်ဇင်ဦး–မဝင်းဝင်းရွှေ၊ မခင်စန္ဒာထွေး၊ ကိုလှဦး၊ ကိုမောင်မောင်၊ ဗိုလ်မှူးသန့်ဇင် – ဒေါ်သီသီတင်၊ မနီနီတင် (နည်းပြ၊ မြန်မာစာဌာန၊ Y.U)၊ ကိုအောင်တင် (MTRD)–မဝါဝါဝင်း၊ ကိုဆန်းတင်(SANအီလက်ထရောနစ်ပြုပြင်ရေး) – မသန္တာမြင့် (AWB)၊ မောင်ဝင်းလှိုင်တင် (Final.Yr,EC-YTU)၊ မချယ်ရီတင် (Final.Yr. YIE)၊ (ကိုလှိုင်ဗိုလ်)–မစမ်းသီတာ၊ ကိုမြင့်ဇော် – မအေးနီလာဆွေတို့၏ အဘွားသည် ၁၂–၈–၂၀၀၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်မြေးတစ်စု။

မသင်းသင်းခိုင်
(ဒေါ်ပုံကော်ဇောပစ္စည်းစက်ရုံ)
အသက်(၃၃)နှစ်

သာကေတမြို့နယ်၊ ၉ ရပ်ကွက်၊ ရတနာပုံအရှေ့ ၄ လမ်း၊ အိမ်အမှတ် ၁၁၂၅/ခ နေ ဦးမောင်ညို–ဒေါ်စန်းရီတို့၏သမီး၊ ကိုဆန်းလင်း(မြန်မာ့သတင်းစဉ်၊ ပြည်တွင်း)၏ ဇနီး၊ သာကေတမြို့နယ်၊ ၆ အရှေ့ရပ်ကွက်နေ ဦးမျိုးညွန့်–ဒေါ်မြမြစန်းတို့၏ သမီးချွေးမ၊ မောင်ညိုစန်း၏ညီမ၊ ကိုဇော်ဇော်အောင်–မအေးအေးမော်၊ ကိုစောရန်နိုင် – မအေးစုမာတို့၏ အစ်မ၊ မောင်ကျော်မင်းခန့်၏ မိခင်သည် ၁၃–၈–၂၀၀၃ရက် ၂:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၃ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မော်မော်လွင်
(ပေါက်ပေါက်)
သရုပ်ပြဆရာမ
(ကုန်ထုတ်ဓာတုဗေဒဌာန)
ဒဂုံတက္ကသိုလ်
B.Sc (ဂုဏ်ထူး)၊
M.Sc, MRES
UFL(ဒုတိယနှစ်၊ဂျပန်ဘာသာ)
အသက်(၃၀)

တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းဘောင် ၁၃ လမ်း၊ အမှတ် ၁၁၂၈ နေ ဦးချစ်လွင်(အလယ်တန်းပြ၊ အထက–၁၊တောင်ဥက္ကလာပ)၊ ဒေါ်ကျင်မြိုင်(ကျန်းမာရေးဆရာမ၊ ငြိမ်း)တို့၏သမီးထွေး၊ ဦးတင်ဝင်းအောင်–ဒေါ်အေးအေးသွင်၊ ဦးလှဌေး၊ ဒေါ်လွင်လွင်နိုင်၊ ဒေါ်လွင်လွင်အောင်တို့၏ ညီမ၊ မယဉ်ယဉ်ရွှေ(သတ္တမတန်း–B၊ အထက–၁၊ တောင်ဥက္ကလာပ)၏ အဒေါ်သည် ၁၃–၈–၂၀၀၃ရက် နံနက် ၈:၄၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅–၈–၂၀၀၃ရက်(သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။ R. 488

နိုင်ငံတော်အကြီးအကဲပိုလ်ချုပ်မှူးကြီးသန်းရွှေအနေဖြင့် ပြည်သူတို့၏အကျိုးစီးပွားကိုမျက်ခြည်ပြတ်မခံ မိဘသည် သားသမီးကောင်းစားသည်ကိုသာမြင်လိုသကဲ့သို့ ပြည်သူများကြီးပွားကောင်းစားရေးကိုသာမြင်လို ပြည်သူများ၏လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အမြဲတမ်းကြိုးပမ်းအားထုတ်သွားမည်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဩဂုတ် ၁၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ ပဲခူးတိုင်း ပဲခူးမြို့သို့ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အမှတ်(၇၇)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ▼

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း ကညွတ်ကွင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမ များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ကွင်းချောင်းတံတား

ယာဉ်သွားလမ်းအကျယ် ၄၈ ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီ ပါရှိကာ တံတား၏ခံနိုင်ဝန် တန် ၆၀ ရှိသည့် ရန်ကုန်-မန္တလေး လမ်းအပိုင်း မိုင်တိုင် ၁၃၀ တွင် တည်ဆောက်လျက်ရှိသော ကွင်းချောင်း တံတား လေးလမ်းသွားစီမံကိန်း ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

(ဆောင်းပါး၊ စာ-၁၁) **(ဆောက်လုပ်ရေး)**

လယ်ယာကဏ္ဍနှင့်သားငါးကဏ္ဍ ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေး အားသွန်ကြိုးပမ်း စီမံကိန်းသီးနှံဆယ်မျိုးအနက် ဒေသနှင့်ကိုက်ညီမည့်သီးနှံ ရည်မှန်းချက်ကျော်အောင်စိုက်ပျိုး ပြည်သူများစိတ်အေးချမ်းသာစွာနေထိုင်နိုင်ရေး အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁၃)က တည်ဆောက်ပြီးစီးသွားသော ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိ ဘိုင်းဒါးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန်နှင့် ပဲခူးခရိုင်အတွင်းရှိမြို့နယ်များ၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးရန် ဩဂုတ် ၁၁ ရက်တွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ညပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့သို့ ရောက်ရှိကြသည်။

ပဲခူးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ရန်ကုန်–မန္တလေးကားလမ်းပေါ်ရှိ ဘိုင်းဒါးတံတားဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီးနောက် ***စာမျက်နှာ ၇ ကော်လံ ၁*** ■

အလိုင်နီ ရေလှောင်တမံ

ပဲခူးတိုင်း ပဲခူးမြို့နယ် ကြံခွဲကျေးရွာအနီး အလိုင်နီချောင်းပေါ်တွင် တည်ဆောက်ထားသော မြေသားတမံအမျိုးအစား အလိုင်နီရေလှောင်တမံကို တွေ့ရစဉ်။ **(သတင်းစဉ်)**

(အလိုင်နီ ရေလှောင်တမံသည် လဂွမ်းပြင်ရေလှောင်တမံနှင့်ပေါင်းစပ်ပြီး မိုးစပါး၊ နွေစပါး၊ သီးထပ်သီးညှပ် ဧက ၂၂၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ အလိုင်နီ ရေလှောင်တမံ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် အလိုင်နီကျေးရွာအုပ်စုမှ လယ်မြေဧက ၅၀၀၀ ခန့်အပါအဝင် လယ်ဧက ၉၀၀၀ ကျော် ရေကြီးနစ်မြုပ်မှုဘေးမှ ကင်းဝေးခဲ့သည်။)